ဟဒီးမစ်လွှာ ဟစ်ရိုရဟ်မာ နှစ်ရိုရဟ်းပီ

၈၅

ထူးမြတ်မှုများနှင့်အကျိုးကျေးဇူးများ

အစွလာပ်စာပေဌာန်ဆိုရာ
အမှတ် (၆၄) ဟထမလမ်း (ခဲဘက်)။
လမ်း ၃၀ (အောက်လမ်း) ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။

ဗဟုစုတ်ယွာ ဟစ်ရိုဟ်ဗာ နှစ်ရိုဟ်ဗဒ်ဗဒ်

ဇ၅

ထုးမြတ်ပုရားနင်းအကျိုးကေးဂုးပုရား

ဒုတိယအကြိမ်
၂၀၂၃ ခုနှစ်၊ ဇွန်လ
ပုံနှိပ်ခွင့်အာဏာလွှဲပြောင်းပေးသူ ဦးသိန်းဝင်း
ပုံနှိပ်ခွင့်ရှင် ဒေါ်ခင်ခင်ဝင်း
အတွင်းသုံးစာအုပ်တိုက်
ဆိုင်းဘုတ်ဒီဇိုင်း ဦးမောင်မောင်ဝင်း

ဗစ္စမစ်လ္လာ ဟစ်ရ်ရဟ်မာ နစ်ရ်ရဟီးမ်

ဇာ်

ထူးမြတ်မှုများနှင့် အာကျိုးကျေးဇူးများ

အစွမ်လာမ် စာပေဖြန့်ချီရေးဌာန
အမှတ် ၄၄၊ မဟာဗန္ဓုလလမ်း
ပန်းဘဲတန်းမြို့နယ်
ရန်ကုန်မြို့။



အလွန် သနား ကြင်နာညှာတာတော်မူသော၊
အဆုံး ကရုဏာတော်ရှင် ဖြစ်တော်မူသော အရှင်မြတ်၏
နာမ်တော် အလျှာဟ်ဖြင့် အစပြုပါ၏။

In the name of Allah,
Most Gracious Most Merciful



အလွန် သနား ကြင်နာညှာတာတော်မူသော၊
အနန္တ ကရုဏာတော်ရှင် ဖြစ်တော်မူသော အရှင်မြတ်၏
နာမ်တော် အလျှာဟ်ပြင့် အစပြုပါ၏။

In the name of Allah,
Most Gracious Most Merciful

စကားဦး

'ဗစ္ဓမစ်လ္လာဟစ်ရ်ဟ်မာနစ်ရ်ရဟီးမ်' သည်ကုရ်အာန်ကျမ်းတော်မြတ်၏ အဖွင့်ဝါကျ စာပိုဒ်တစ်ပိုဒ်ဖြစ်သည်။ ယင်းစာပိုဒ်သည် စူရဟ်တစ်ပုဒ်မှအပ စူရဟ်တိုင်း၏ အစပထမအဖြစ်ပါရှိနေပေသည်။ ထို့ပြင် စူရဟ်နမလ်'တွင် အာယသ်တော်တစ်ပိုဒ်အဖြစ် ပါရှိသေးသည်။ ဤသည် ၎င်း၏အရေးပါမှုအတွက် လွန်စွာ အကျိုးဝင်နေ၏။ ဤစာပိုဒ်နှင့်စပ်လျဉ်း၍ ရစူလ်ကိုယ်တော်မြတ် (ဆွာလ္လလ္လာဟု အလိုင်ဟိဝစ္စလ္လမ်)နှင့် သူ တော်စင်များ၏ ကျင့်စဉ်များသည် ၎င်း၏အရေးပါမှုကိုသာ ပို၍ တောက်ပလင်းပြောင်စေသည်။ တမန်တော်မြတ်၏ ဓလေ့တော်၌ စားလျှင်သော်လည်းကောင်း၊ သောက်လျှင်သော်လည်းကောင်း၊ ဝတ္ထုပြုလျှင် သော်လည်းကောင်း၊ သားကောင် လှီးဖြတ်လျှင်သော်လည်းကောင်း၊ အချုပ်မှာ အလျှင်းသင့်သည့်ကိစ္စ၌ရှေ့ပြေးအဖြစ် စကားချီးပမာ အသုံးပြုခဲ့၏။ ကျွန်ုပ်တို့သည် ဤဗစ္ဓမစ်လ္လာဟ်တော်၏ နက်နဲမှုကို စဉ်းစားကြည့်လျှင် အရှင်မြတ်၏ ဂုဏ်နာမ်တော် 'ရဟ်မာန်' (အနန္တ ကရုဏာတော်ရှင် ဖြစ်တော်မူသော) 'ရဟီးမ်' (မပြတ်မစဲကရုဏာပြုတော်မူသော) နာမံတော် နှစ်ပါးကို အစချီကာ ပြုလုပ်သူသည် မိမိနှလုံးသား၌ ကြည်လင်မှုရှိကြောင်း၊ ရည်ရွယ်ချက်၌ သန့်ပြန့်ကြောင်း၊ ဆန္ဒ၌ မြင့်မားကြောင်း တစ်ဆုတည်းသော အရှင်ကိုသာ ကိုးကွယ်ကြောင်း၊ တုပနိုင်းယှဉ်ခြင်းနှင့် ကင်းဝေးကြောင်း စသည်များကို လက်တွေ့ဖော်သူတစ်ဦး ဖြစ်ကြောင်း ရုပ်လုံးဖော်ပြသူ ဖြစ်ပေသတည်း။ လိုရင်းအချုပ်ကား 'ဗစ္ဓမစ်လ္လာဟ်'တော်ထက်သာ ပို၍ အစွမ်းပြုသော ရုပ်နာမ်နှစ်ပါးကို မြွင့်တင်ဖေးသော 'ဇိကစ်ရ်'ဟူ၍ အခြားမရှိပါလျက်၊ ၎င်း၏အရေးပါမှုများကို မွတ်စ်လင်မ်များအလျှင်း မေ့ပျောက်၍ နေပေသည်။ လူတို့သည် နေ့ရော ညပါ လောကီရေးရာတွင် ပျော်မွေ့နေကြပေသည်။ ကိစ္စများစွာတွင်လည်း နစ်နေကြသည်။ သို့သော် အသိစိတ်တွင် အရှင်မြတ်၏ 'ရဟ်မာန်၊

ရဟိမ်'စသော ဂုဏ်ပုဒ်များ လစ်ဟင်းလျက် ရှိနေသည်။ လုံ့လဝိရိယ နည်းပါးသော အစွဲအမှတ် မထားသော ဤ ခေတ်အခါသမယတွင် အမလိကျင့်စဉ်ကျင့်ရပ်များဆီသို့ တွန်းပို့ပေးခြင်းသည် ခဲယဉ်းသော ကိစ္စတစ်ရပ်ကို ဆောင်ရွက်ခြင်းပမာ ဖြစ်နေပေသည်။

ကျွန်ုပ် အလွန် နှစ်ထောင်း အားရ ဝမ်းမြောက်မိပါသည်။ ကျွန်ုပ်အတွက် ယုံကြည် ကိုးစားရသူ၊ ချီးကျူးထိုက်သူ မော်လာနာ အဗွလ်ဟစန်အလီ(ကျမ်းပြုသူ)သည် အဆိုပါ အကြောင်းအရာနှင့် စပ်လျဉ်း၍ ရေးသားခဲ့ပြီး 'ဗစ္စမစ်လ္လာဟ်'၏ လေးနက်ပုံ၊ အကျိုး ထူးပုံများကို ရှုထောင့်အသီးသီးမှ ပညာပါပါ ရေးသားထားပေသည်၊ ကျွန်ုပ်သည် အိမင်းလှပြီဖြစ်သော ဇရာအရွယ်၌ မအားလပ်မှုများကြားမှ ဤစာစောင်ကို စလယ်ဆုံး ဖတ်ခဲ့ပါသည်။ မာရှာအလ္လာဟ် ပြည့်စုံလုံလောက်လျက်ရှိပါသည်။ 'ဗစ္စမစ်လ္လာဟ်'၏ အံ့တစ်ပါးဖြစ်သော 'ကရာမသ်' တန်ခိုးတော်အဖြစ်ဆန်းများကိုလည်း တင်ဆက်ထားပါသည်။ ထို့ပြင် သူတစ်ပါး၏ ပြုစားမှုများကို ပယ်ဖျက်စေသော အစွမ်းထက်ကျင့်စဉ်များကိုလည်း ဖြည့်စွက်ထားပေသည်။ ထို့ပြင် အရေးအသား ပြောင်မြောက်မှုများလည်း ပါဝင်လျက်ရှိနေပေသေးသည်။ မော်လာနာသည် ယခင်ကလည်း ဟဒီးဆ်၊ သဖ်စီရ်ကို ပို့ချသူတစ်ဦးဖြစ်ပြီး ယခုလည်း ဒါရွလ်အိုလူမ်ကျောင်းကြီး၌ ဟဒီးဆ် ပါမောက္ခလည်းဖြစ် ပညာရေးမှူး လည်းဖြစ်ပေသည်။ ကျွန်ုပ်သည် သဒ္ဒါ ဖြူစင်စွာနှင့် အရှင့်အပါးတော်၌ ဆုတောင်းလိုက်ပါသည်။ဇင်းအား ကောင်းကင်ယံမှ ကြယ်နီကြယ်ပွင့်များပမာ တောက်ပြောင်မှုများကို ပေး၍ ၎င်း၏အကျိုးရလဒ်များကို ကမ္ဘာ တစ်ဝှမ်းကျယ်ဝန်းနိုင်ပါစေ(အာမီးန်)။

ဟဇရသ်မော်လာနာဖခ်ရွလ်ဟစန်၊
ကျောင်းအုပ်ကြီး၊ ဒါရွလ်အိုလူးမ်၊ ဒေယိုဗန်

စကားချီး

ယနေ့ မွတ်စ်လင်မ်ထု တစ်ရပ်လုံးရဲ့ အဖြစ်သနစ်များကို ခြုံငုံ ကြည့်လျှင် သာသနာ့အသိစိတ်များ လွှင့်ပြယ်နေခြင်း၊သာသနာနှင့် စိမ်းကားနေခြင်းများမှာ တစ်နေ့တခြား ပျံ့နှံ့လျက်ရှိပေသည်၊ ထို့ကြောင့် အလွှာအသီးသီး တို့၏ ဘဝစဉ်တစ်လျှောက်လုံးမှာ နစ်နာဆုံးရှုံးမှုများနှင့်သာ တွေ့နေရပေသည်။ အကယ်စင်စစ် အလွှာဟာ အရှင်မြတ်သည် မိမိမဟာကရုဏာတော်နှင့် ကျွန်ုပ်တို့၏ အားနည်းချက်များအား ထောက်ထား၍ ကျွန်ုပ်တို့၏ဘဝ သာယာစေခြင်းအလို့ငှာ၊ အလွန်လွယ်ကူလှသော ကျင့်စဉ်ကလေးများကို ချိုးမြှင့်ထားပေသည်။ ဥပမာ 'ဤဗစ္စမစ်လွှာဟ်'တော်၏ အဓိပ္ပာယ်နှင့် အနှစ်သာရကို သုံးသပ်ကြည့်ပါ။ ဖတ်ကြားရာ၊ ကျက်မှတ်ရာ၊ ကျင့်သုံးရာ၌ လွန်စွာလွယ်ကူလှပေသည်။ သို့ငြားလည်း ယနေ့ကျွန်ုပ်တို့မှာ ထိုအရာများနှင့် သတိလက်လွတ် ဖြစ်နေကြပေသည်။ အကြောင်းရင်းမှာ ၎င်း၏အကျိုးကျေးဇူးများနှင့် ဗရိကသ်တော်များကို မသိရှိ၊ နားမလည်ခြင်းကြောင့် ဖြစ်နေပေသည်၊ လူသာမန်တို့ကို မဆိုထားဘိ၊ ပညာတတ်အသိုင်းအဝိုင်းတို့၌ပင် အလေးထားသင့်သည်မျှ မထားကြသည်ကို တွေ့မြင်ကြရပေသည်။ သို့ဖြစ်၍ ကျွန်ုပ်၏ အချို့သော အကြည်တော်များသည် ဤသည်နှင့်စပ်လျဉ်း၍ ရေးသားဖြန့်ချိပေးပါရန် တောင်းဆိုလာသဖြင့် ကျွန်ုပ်သည် 'ဗစ္စမစ်လွှာဟ်'တော်၏ ထူးမြတ်မှုများကို ကုရ်အာန်၊ ဟဒီးဆ်နှင့်အခြားကျမ်းကြီးများမှ ကောက်ယူစုဆောင်း၍ အများပြည်သူများ ရှေ့သို့ တင်ဆက်ရန် ဆန္ဒဖြစ်လာခဲ့ပါသည်၊ သို့မှသာ သူငါအများ အမှန်တကယ် တန်ရာတန်ကြေးများကို သိရှိလာပြီး မိမိသက်တမ်းကာလ

တစ်လျှောက်တွင် အစဉ်ဇီကစ်ရ်အဖြစ် သတ်မှတ်လာမည်ဖြစ်သည်။ သို့ဖြစ်ပေရာ ဤကျမ်းသည် 'ဗစ္စမစ်လွှာဟ်'၏ထူးမြတ်မှုနှင့် အကျိုးကျေးဇူးများ'အမည်ဖြင့် စာရှုသူ၏ လက်ဝယ်သို့ ရောက်ရှိနေပေပြီ၊ ၎င်းကို သင်ယူပါ၊ ပို့ချပါ၊ ကျင့်သုံးပါလို့ နှိုးဆော်လိုက်ရပေသည်။

အဗွလ်ဟာစန်အလီ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

ဗစ္စ မစ်လ္လာ ဟစ်ရ်ရဟ်မာ နစ်ရ်ရဟီးမ်

သာသနာ့ညီနောင်များခင်ဗျား၊ ဗစ္စ မစ်လ္လာ ဟစ်ရ်ရဟ်မာ နစ်ရ်ရဟီးမ် စာပိုဒ်သည် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်တစ်ပါး ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် ယင်းစာပိုဒ်ဖြင့် မိမိကျမ်းတော်မြတ် ကုရ်အာန်ကို စကားချီခဲ့ပေသည်။ထိုပြင် ဂုဏ်အင်ကြီးများသော ကုရ်အာန်ကျမ်းကဲ့သို့ကျမ်းစောင်ကိုပင်လျှင် 'ဗစ္စမစ်လ္လာဟ်' တော်ဖြင့် အစပြုခဲ့ခြင်းသည်ပင် 'ဗစ္စမစ်လ္လာဟ်' တော်၏ ထူးကဲမြင့်မြတ်မှုအတွက် ခိုင်လုံသော သက်သေသာဓက တစ်ရပ်ဖြစ်နေပေသည်၊ သို့ဖြစ်သောကြောင့် သာသနာ့ပညာရှင်များ ၏ ယူဆချက်မှာ 'ဗစ္စမစ်လ္လာဟ်' တော်သည် သာသနာတော် တစ်ရပ်လုံးနှင့်ပညတ်ချက်ဟူသမျှကို ခြုံငုံလျက်ရှိနေကြောင်းနှင့် အရှင်မြတ်၏ ဇာတိနာမ်တော်နှင့် ဂုဏ်တော်နာမ်တော်များပါ ပါဝင်လျက် ရှိကြောင်း ညွှန်ပြလျက် ရှိနေပေသည်။ သို့ဖြစ်ရာ 'အလ္လာမဟ် ကွရ်သူဗီသခင်' က မိန့်ဆိုသည်မှာ သာသနာ့ပညာရှင်အချို့ကမူ စူရဟ် ဖာသေဟာ' သည် ကုရ်အာန်တစ်အုပ်လုံး၏ အကျဉ်းစကား ထာဖြစ်သကဲ့သို့ 'ဗစ္စမစ်လ္လာဟ်' တော်သည် စူရဟ်ဖာသေဟာ၏ အကျဉ်းစကားထာ ဖြစ်သည်ဟု သတ်မှတ်ကြသည်။ ဤသည်ကို ထောက်ချင့်ရလျှင် 'ဗစ္စမစ်လ္လာဟ်' တော်သည် မိမိအတွင်း၌ ကျမ်းမြတ်ကုရ်အာန်တစ်အုပ်လုံးကို ထည့်သွင်း ခြုံငုံထားကြောင်း သိရှိရပေသည်။ သို့ဖြစ်၍ ဟဒီးဆ်တော်မြတ်၌ ဤသို့လာရှိ၏။

'မည်မျှပင် မွန်မြတ်သောကိစ္စ ဖြစ်စေကာမူ အကယ်၍သာ 'ဗစ္စမစ်လ္လာဟ်' တော်နှင့် အစမပြုခဲ့သော် ယင်းကိစ္စသည် အမြီးပြတ်ဖြစ် ပေမည်၊ (တစ်နည်း) ယင်းကိစ္စသည် ထင်ဟောက်အောင်မြင်ခြင်း

သို့ ရောက်မည် မဟုတ်ပေ'

အထက်ပါ အကြောင်းများကို ထောက်ရှုခြင်းအားဖြင့် 'ဗစ္စမစ်လွာဟ်'သည် မည်မျှ အဖိုးထိုက်တန်သည်ကို အထူး ဖော်ပြ ရန် လိုတော့မည်မဟုတ်ပေ။

အထက်ပါ ဟဒီးဆ်တော်မြတ်ကို ဟာဖစ်ဇ်အဗ်ဒွလ်ကာဒစ်ရ် ဒေလဝီသခင်သည် ဟဇရသ်အဗူ ဟိုရိုင်ရဟ်သခင်ထံမှ ဆင့်ပြန်ခဲ့ သည်။ ရူဟွလ်မအာနီကျမ်းရှင်ကလည်း ဤအတိုင်းရေးသား ဖော်ပြ ထား‌ပေသည်။

အလ္လာဟ်အရှင်မြတ်၏ နာမတော်သုံးထောင်

ရူဟွလ်ဗယာန်ကျမ်းတွင် လာရှိသည်မှာ အလ္လာဟ်အသျှင်မြတ် ၏ နာမံတော်သည် သုံးထောင်(၃၀၀၀) ရှိသည်၊ ထိုနာမံတော်များ အနက် တစ်ထောင်ကို 'ကောင်းကင်တမန်များ' အား‌လည်းကောင်း၊ နာမံတော်တစ်ထောင်ကို 'နဗီတမန်တော်များ'အား‌လည်းကောင်း ပြသတော်မူ၍ကျန်နာမံတော်များအနက် သုံးရာကို 'သောင်ရာသ်ကျမ်း' ၌ လည်းကောင်း၊ နာမံတော် သုံးရာကို 'အင်နဂျီလ်ကျမ်း'၌ လည်းကောင်း၊ နာမံတော် သုံးရာကို 'ဇဗူရ်ကျမ်း'တွင်လည်းကောင်း၊ နာမံတော် (၉၉)ပါးကို ကုရ်အာန်ကျမ်းမြတ်တွင် လည်းကောင်း ထုတ်ပြန် ပို့ချပေးတော်မူပြီး ကျန်နာမံတော်တစ်ပါး‌အား မိမိအသိ တော်၌ ထိန်းသိမ်း ထားတော်မူကြောင်း၊ ထို့ပြင် ယင်းနာမံတော်များ၏ အနက် အဓိပ္ပါယ်ကို 'အလ္လာဟ်၊ ရဟ်မာန်၊ ရဟီမ်' ဟူသော‌နာမံတော် သုံးပါး၌ လျှို့ဝှက်ထား‌ကြောင်း လာရှိသည်။

အကြင်သူသည် အရှင်မြတ်အား ထိုနာမံတော်သုံးပါးနှင့် သတိရ တသခဲ့လျှင် ထိုသူသည် နာမတော်ပေါင်း သုံးထောင်နှင့် တသ သကဲ့သို့ဖြစ်ကြောင်း လာရှိသည်။

ဗစ္စမစ်လွှတ်သည် မိစ္ဆာကောင်အား ခဲကဲ့သို့ ပျော်စီးစေသည်

တမန်တော်မြတ်(ဆွာလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြား တော်မူသည်။

'အကြင်သူသည် ဗစ္စ မစ်လ္လာ ဟစ်ရ်ရဟ်မာ နစ်ရ်ရဟီးမ် ကို ဖတ်ရွတ်ခဲ့သည်ရှိသော် ရှိုင်သာန်မိစ္ဆာကောင်သည် မီးခဲ့ ခဲများ အရည်ပျော်သွားသကဲ့သို့ ပျော်သွားသောကြောင့် ဗစ္စမစ်လွှာဟ်တော် ကို ဖတ်ရွတ်သောသူသည် စိုးရိမ်ကြောင့်ကျမှုများမှ ကင်းဝေးသူဖြစ် သွားလေသည်။ ထိုနည်းနှင်နှင် တမန်တော်မြတ် (ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ဟဇရသ်ဂျစ်ဗ်ရာအီလ်(အလိုင်ဟစ္စလာမ်) ၏ မိန့်ဆိုချက်ကို ဤသို့ ဆင့်ပြန်တော်မူခဲ့သည်။

ဂျစ်ဗ်ရာအီလ်(အလိုင်ဟစ္စလာမ်)က အကြင်သူသည် ယုံကြည် မှုအပြည့်အဝနှင့် ဗစ္စမစ်လွှာဟ်တော်ကို တစ်ကြိမ်ရွတ်ဖတ်သရဇ္ဈာယ် ခဲ့သည်ရှိသော် ထိုသူသည် စိုးရိမ်မှုများမှ ကင်းဝေးသွားအံ့ဟု မိန့် ချေခဲ့ပေသည်။ သဘောမှာ ဗစ္စမစ်လွှာဟ်၏ တန်ခိုးတော်များကြောင့် ထိုသူမှာ ကြောက်စိတ်များ ဝေးကွာ၍ စိတ်ချမ်းသာမှုများ ပေါ် ပေါက်လာသည်ဟူ၏။

အခြား ဟဒီးဆ်တော်တစ်ရပ်၌ အကြင်သူအိမ်သို့ ဝင်သော အခါ 'ဗစ္စမစ်လွှာဟ်'ဖတ်ခဲ့လျှင် ဗရ်ကသ်တိုးပွားမှုများ ဖြစ်ပေါ် လာအံ့၊ ထို့နောက် ၎င်းနှင့်အတူ စူရဟ် 'အစ်ခ်လားစ်' (ကွလ်ဟု ဝလ္လာ')ကိုလည်း ဖတ်ခဲ့သော် ကြွယ်ဝချမ်းသာမှုများ ဖြစ်လာအံ့ဟု လာရှိပေသည်။ ဟဇရသ်အဘူဗကရ်သဒ်ဧင်သည် တမန်တော်မြတ် (ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ သြဝါဒတော် တစ်ရပ်ကို ဆင့်ပြန်ခဲ့သည်၊ အကြင်သူသည် ဗစ္စမစ်လွှာဟ်'တော်ကို ဖတ်ရွတ်

သရဏ္ဂုဏ်ယ်ခဲ့သည်ရှိသော် အရှင်မြတ်သည် ထိုသူအတွက် ကုသိုလ်စဝါဗိတစ်သောင်းကို ရေးစေ၍ အကုသိုလ်တစ်သောင်းကို ပယ်ဖျက်မည်ဖြစ်ကြောင်း လာရှိပေသည်။

ဗစ္ဆမစ်လ္လာဟ်သည် ရှိုင်သာန်နှင့်လူတို့၏ ဘေးရန်မှ ကာကွယ်ကြောင်း

ဟဒီးဆ်တော်တစ်ရပ်၌ ဟဇရသ်အနပ်စ်သခင်၏ ဆင့်ပြန်ချက် လာရှိသည်မှာ တမန်တော်မြတ် (ဆွာလ္လလ္လာဟုအလိုင်ဟိဝ စလ္လမ်)က အကြင်အခါ လူတို့သည် ကျင်ကြီး ကျင်ငယ်စွန့်ရန်၌ လည်းကောင်း၊ ရေချိုးရန်၌လည်းကောင်း၊ သံဝါသပြုရန်၌လည်း ကောင်း၊ ကိုယ်ထီးဗလာဖြစ်ခဲ့သော် ရှိုင်သာန်နှင့်ဂျင်နီတို့သည် ကျိစား ခြင်း၊ နောက်ယှက်ခြင်းများ ပြုတတ်ကြပေသည်။ အကြင်သူသည် 'ဗစ္ဆမစ်လ္လာဟ်'တော်ကို ဖတ်၍ ဝတ်လစ်စလစ်ဖြစ်ခဲ့သော် လူနှင့်ရှိုင်သာန်တို့အကြားတွင် အကာအကွယ် အဟန့်အတားတစ်ခု ဖြစ်သွား ပြီး ၎င်းတို့၏ ဘေးရန်မှ ထိန်းသိမ်းမှုတစ်ရပ်ဖြစ်သွားရော၏။

အိမာမ်ဗုခါရိသခင်သည် ဗစ္ဆမစ်လ္လာဟ်တော်၏ အခန်းကဏ္ဍ အောက်တွင် အစ်ဗ်နုအဗ္ဗာစ်သခင်၏ ဆင့်ပြန်ချက်တစ်ရပ်ကို ဤသို့ ဖော်ပြထားပေသည်။ အကြင်သူသည် ဇနီးသည်နှင့် သံဝါသပြုသော အခါ ဤဒုအာကို ဖတ်၏။

بِسْمِ اللّٰهِ اَللّٰهُمَّ جَنِّبْنَا الشَّيْطَانَ وَجَنِّبِ الشَّيْطَانَ
مِمَّا رَزَقْتَنَا

ထိုသံဝါသပြုမှုမှ သန္ဓေသားတည်၍ သားသမီးထွန်းကား လာခဲ့ပါလျှင် ထိုကလေးအား ရှိုင်သာန်သည် မည်သည့် အနှောင့် အယှက်ကိုမျှ ပြုနိုင်မည် မဟုတ်ကြောင်း၊ ဤဟဒီးဆ်တော်ကို

အစ်ဗ်နမာဂျာနှင့် အိမာမ်သစ်ရ်မိဒီ တို့သည်လည်း ဆင့်ပြန်ခဲ့သည်။ ဟဒီးဆ်တော် တစ်ရပ်၌ ဤသို့လည်း လာရှိပေသေးသည်။ အကြင်သူသည် သံဝါသပြုမည့် အလျင် 'ဗစ္ဆမစ်လ္လာဟ်' တော်ကို ဖတ်ခဲ့၏။ ထိုနောက် ရေချိုးခဲ့၏။ သို့ဆိုသော် ၎င်းခန္ဓာ ကိုယ်မှ ကျဆင်းခဲ့သော ရေစက်တိုင်း၌ ကုသိုလ်ဆယ်ခုကျစီရေး စေအံ့၊ ထိုမှ တစ်ဆင့် သားသမီး ရခဲ့လျှင် ထိုကလေး အသက်ရှူတိုင်း စဝါဗ်ဆယ်ခုကျစီ ချီးမြှောက်တော်မူအံ့ ဟု လာရှိပေသည်။ အကြင်သူသည် 'ဗစ္ဆမစ်လ္လာဟ်တော်'ကို မဖတ်ကြားဘဲ ကာမ စပ်ယှက်ခဲ့သည့်ရှိသော် မိန္ဆာကောင်သည်လည်း ပါဝင်ကြောင်း၊ အခြားဟဒီးဆ်တော်တစ်ပါး၌ ကိုယ်တော်မြတ်သည် မိမိအွမ္မသ်သားများအား သတင်းကောင်းတစ်ရပ် ချီးမြှင့်ထားသည်။ ကိုယ်တော်က အကယ်၍ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်၏ အွမ္မသ်သားများအား အဇာဗ်ပြစ်ဒဏ် ပေးလိုသည်ရှိသော် ဤ ဗစ္ဆမစ်လ္လာဟ်တော်ကို ချပေးမည် မဟုတ်ကြောင်း၊ သို့ဖြစ်၍ ဟဇရသ်အာဗူဗကရ်သခင်က ထိုသူထက် မည်သူကောင်းနိုင်အုံနည်း။ အကြင်သူသည် ဗစ္ဆမစ်လ္လာဟ်တော်ကို ကောင်းသည်ထက် ကောင်းအောင် ရွတ်ဖတ်ခဲ့ပေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူသည် ကိယာမသ်နောင်တမလွန်နေ့၌ အရှင်မြတ်၏ ရဟ်မသ်ကရဏာအောက်တွင် နေ၍ နေ့အိမသ် စည်းစိမ်များနှင့် ကျန္နသ်ဘုံနန်းသို့ ဝင်ရောက် စံမြန်းရလတ္တံ့ဟု မိန့်ဆွေခဲ့ပေသည်။

* * *

ဗစ္ဆမစ်လ္လာဟ်တော်ကို ဂါရဝပြုခြင်း၏အကျိုးတရား

တမန်တော်မြတ် (ဆွာလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)မိန့်ကြား

တော်မူခဲ့သည်။အကြင်သူသည် အကယ်၍ သွေဖီသူပင်ဖြစ်လင့်ကစား၊ ကျနေသော ဗစ္စမစ်လ္လာဟ် စာပိုဒ်ကို ဂါရဝပြုသောအနေဖြင့် ကောက်ယူသိမ်းဆည်းခဲ့သော် အလ္လာဟ်အရှင်မြတ်သည် ထိုသူအား စစ်ဒီကိန်း သစ္စာဝါဒီများ၏ အမည်စာရင်း၌ ထည့်သွင်းရေးသားစေမည်၊ ထို့ပြင် ထိုသူ၏ မိဘနှစ်ပါးအား အဇာဗ်ပြစ်ဒဏ်မှ ပေါ့လျော့စေပေမည်။ ဟဒီးဆ်တော် တစ်ပါးတွင် အကြင်သူသည် ဗစ္စမစ်လ္လာဟ်တော်ကို ပန်းချီအလှရေး၍ မိမိ၌ ဆောင်ထားခဲ့သော်၊ ထို့နောက် ၎င်း၏စိတ်နှလုံး၌လည်း ကြည်ညိုလေးစားခဲ့သော်၊ အလ္လာဟ်အရှင်မြတ်သည် ထို့သူ့အတွက် ကောင်းမှုတစ်ထောင် ရေးမှတ်စေသည်။ မကောင်းမှုတစ်ထောင်ကို ပလဲပ်စေသည်။ အဆင့်အတန်းတစ်ထောင် မြှင့်တင်ပေးစေသည် ဟူ၍ လာရှိပေသည်။

စအိဒ်ဗင်အဗီစကီနာသခင်အား အလီသခင်က အောက်ပါအတိုင်း ဆင့်ပြန်ခဲ့သည် အလီသခင်သည် သူတစ်ဦးအား ဗစ္စမစ်လ္လာဟ်တော်ကို ရေးသားနေသည်ကို တွေ့ရာ အလီသခင်က 'အသင် ဗစ္စမစ်လ္လာဟ်တော်ကို အားကြိုးမာန်တက်ဖြင့် ဖြန့်ဖြူးပါကုန်၊ ကောန်မလွဲ သူတစ်ထူးသည် ထိုသို့ ဆောင်ရွက်ခြင်းကြောင့် လွတ်ငြိမ်းချမ်းသာခွင့် ရရှိသွားလေသည်ဟု မိန့်ကြားလေသည်။

(ကုရ်သုဗီ)

စအိဒ်သခင်က ဆက်လက် မိန့်မှတ်ခဲ့သည်။ ပုဂ္ဂိုလ်တစ်ဦးသည် လမ်းသွားနေစဉ် လမ်းခုလတ်၌ ဗစ္စမစ်လ္လာဟ် ရေးသားထားသော စာရွက်ပိုင်းလေးကို တွေ့လိုက်၏။ ထိုသို့ တွေ့လိုက်ရသည်နှင့် တရိတသေ ကောက်ယူကာ မျက်နှာပေါ်တင်ပြီး နမ်းရှုံ့ကာ သိမ်းဆည်း ထားလိုက်၏။ ထိုသူသည်လည်း အရှင်မြတ်အလိုတော်နှင့် လွတ်ငြိမ်းချမ်းသာမှုကို ရရှိသွားကြောင်း 'အလ်ဂျာ မေအ် လေအဟ် ကာမိလ်ကုရ်အာန်' ကျမ်း၌ ဖော်ပြထားပေသည်။

ဗိုရ်ရေဟာဖိ၏ အဲ့သြဖွယ်အဖြစ်

ဗိုရ်ရေဟာဖိသည် ဝလီသူတော်စင်ကြီးများ၌ တစ်ပါးပါဝင်ခဲ့ပေသည်။ သခင်ကြီးသည် အစပထမ၌ ကံဆိုးမိုးမှောင်ကျနေသော အရက်သမားကြီး၊ အရက်သေစာကိုပင် အဖော်ပြု၍ ရစ်မူးနေသူ တစ်ဦး ဖြစ်ခဲ့လေသည်၊ တစ်နေ့သ၌ ၎င်းသည် ထုံးစံအတိုင်း အရက်ဆိုင်သို့ သွားနေခဲ့သည်။ လမ်း၌ စာရွက်ပိုင်းကလေးတစ်ပိုင်းကို တွေ့ခဲ့ရာ ထိုစာရွက်ပေါ်၌ ဗစ္စမစ်လွာဟ်' တော်ရေးသားထားသည်ကို တွေ့ခဲ့ရသည်။ ထိုသို့ တွေ့ရသည်နှင့် ၎င်းကို အမြတ်တနိုး ကောက်ယူကာ မိမိမျက်ခွံများနှင့် ပွတ်သပ်သည်။ ရေမွေးဖြင့် လိမ်းကျံ၍ သိမ်းထားလိုက်သည်။ ထို့နောက် အရက်ဆိုင်၌ အားပါးတရ သောက်စားကာ ရသည့်နေရာတွင် အိပ်နေလိုက်၏။ ထိုစဉ်၌ပင် ဟဇရတ်ဟစန်ဘဆရီသခင်သည် ဗိုရ် ရေဟာဖိအား မင်္ဂလာသတင်းပါးရန်နှင့် ၎င်းအား အရက်ဆိုင်မှ ခေါ်လာရန် အစ်လ်ဟာမ် (အလ္လာရှင်မြတ် ထံတော်မှ) ကျရောက်လာခဲ့၏။ ဟစန်ဗဆရီသခင်ကြီးသည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ဖြင့် အရက်ဆိုင်ဘက်သို့ ရောက်ရှိလာခဲ့သည်။ထိုသို့ ရောက်ရှိလာသည်နှင့် လူတို့သည် အလန့်တကြား တအံ့တသြ ဖြစ်ကာ 'ကိုယ်တော် ကျန်းမာပါရဲ့လား'၊ 'မည်သို့ ရောက်ရှိ လာပါသနည်း'ဟု မေးကြသည်။ ဟစန်ဗဆရီသခင်ကြီးသည် လူတို့၏ စေတနာပါသော မေးခွန်းကို သဘောပေါက်၏။ ၎င်းက 'အသင်တို့၏ မေးခွန်းများသည် မှန်၏။ ကျွန်ုပ် မိမိသဘောနှင့် လာရခြင်း မဟုတ်၊ အလ္လာဟ်အရှင်မြတ်သည် ဗိုရ်ရေဟာဖိအား ခေါ်ဆောင်လာရန် စေလွှတ်ခြင်းကြောင့် လာရခြင်း ဖြစ်သည်၊ ၎င်း အဘယ်မှာ ရှိသည်ကိုသာ ပြောပါ။ ထိုအခါ ၎င်းတို့က သူသည် အမူးလွန်၍ မေ့နေကြောင်း ဖြေကြားကြ၏။ ကိုယ်တော်သည် ၎င်းထံသို့ သွားခဲ့ရာ ဗိုရ်ရေဟာဖိသည် တကယ်ဘဲ အမူးကြီး မူး၍

သတိလက်လွတ် ဖြစ်နေသည်ကို တွေ့မြင်ရ၏၊ ကိုယ်တော်သည် ထာဝရအရှင်မြတ်၏ အမိန့်စာနှင့် လာသောကြောင့်၊ ရွံ့ရှာခြင်း တွန့်ဆုတ်ခြင်း မရှိဘဲ ၎င်းအား သတိပြန်လည်ဆောရန် ကြိုဆလေရာ အနည်းငယ် သတိရလာပြန်၏။ ထို့သို့ သတိရလာသည်နှင့်တစ်ပါ တည်း ခေါ်ဆောင်လာလေ၏။ အတန်ကြာပြီးနောက် အမူးပြေ သွား၍ သတိ ကောင်းစွာ ရရှိလာလေသည်။ ထိုအခါ ဟစန်ဘဆရီ သခင်သည် ၎င်းအဖို့ အရှင့်ဘက်တော်မှ ဝမ်းမြောက် ဝမ်းသာ ပီတိ ဖြာစေသော မဲဂ်လာ သတင်းကို ပြောပြလေ၏။ ထိုသို့ ပြောပြ သည်နှင့် အကွယ်ရှိ အရပ် လေးမျက်နှာမှ ဤသို့ အသံထွက် ပေါ်လာ၏။ 'အို– ဗိရှ်ရ် သင်သည် ငါအရှင်မြတ်၏ နာမံတော်ကို ဂုဏ်ပြု လေးစားခဲ့၏။ သို့ကြောင့် ငါအရှင်မြတ်သည် သင်၏ ဂုဏ်အင်ကို မြှင့်တင်ပေးလိုက် လေပြီ၊ အသင်သည် ငါအရှင်မြတ်၏ နာမံတော်ကို အမွေးရနံ့များ ဖြင့် သင်းပျံ့စေသောကြောင့် သင်၏ အကုသိုလ်များကို ပလပ် လိုက်ပြီ။ စင်ကြယ်အောင် ပြုလိုက်လေပြီ' ဟူ၍ ပဲ့တင်သံ ခတ်နေလေသည်။ ထိုအခါ ဗိရှ်ရေဟာဖီသခင်သည် အရှင်မြတ်၏အလိုတော်နှင့် တမဟုတ်ချင်း၌ပင် အရက်သမားဘဝမှ အလွှာဟ်အရှင်မြတ်၏ အချစ်တော် ဝလီ ဖြစ်သွားလေသည်။

(စွမ်ဟာနလွှာဟ်) အနန္တ တန်ခိုးတော်ရှင်၏ ရဟ်မသ်ဂုဏ်တော် ကြီးမားလှပါဘိ တကား။ 'ဗစ္စမစ်လွှာဟ်တော်' စာပိုဒ်ကလေးကို အကြောင်းပြု၍ ဝလီသူတော်စင်များ၌ ချက်ချင်းပင် ထည့်သွင်းလိုက် လေသည်။ စာဆိုတော်တစ်ဦးက အရှင်မြတ်၏ ရဟ်မသ်တော်သည်၊ တန်ရာတန်ဖိုးကို ရှာကြံလေ့မရှိ၊ အကြောင်းရမယ်ကိုသာ ရှာကြံလေ့ ရှိသည်။ ဖော်ပြပါအကြောင်း ဖြစ်ရပ်တွင် အမှန်တကယ် အရှင်မြတ် ၏ ကျေးဇူးအဟုန် မရှိခဲ့လျှင် လူသားသည် အလျင်းတတ်စွမ်းနိုင် မည် မဟုတ်ကြောင်း သက်သေထူပြထားပေသည်။

* * *

ဟဇရသ်အလီသ၊ခင်၏ မိန့်ကြားချက်

ဟဇရသ်အလီသခင် မိန့်မှတ်ခဲ့သည်။ 'ဗစ္စမစ်လ္လာဟ်'တော်သည် ခက်ခဲသော အထုံးများကို ဖြေလျှော့ပေးသောအရာ၊ သောကမီးများကို ငြိမ်းသတ်စေသောအရာ၊ စိတ်နှလုံးကို ချမ်းမြေ့စေသောအရာဖြစ်ကြောင်း၊ ထို့ပြင် ဖုဇိုင်လိဗ်နိုအိယာဇ်သခင်ကြီး မိန့်တော်မူသည်မှာ အလ္လာဟ်အရှင်မြတ်၏ ထူးကဲမြင့်မြတ်မှုသည် လူသားများအပေါ်၌ ရှိသကဲ့သို့ ခပ်သိမ်းကုန်သောအရာများ အပေါ်၌ ဗစ္စမစ်လ္လာဟ် တော်၏ ထူးကဲမြင့်မြတ်ခြင်းကား ရှိနေပေ၏။

ဟဇရသ်နူဟ်(အလိုက်၊ဟစ္စလာမ်)၏ အမျိုးသားများအပေါ်၌ အဇာဗ်ပြစ်ဒဏ် သင့်ခဲ့သော၊အခါ နူဟ်(အလိုက်ဟစ္စလာမ်)သည် အိမာန်ရှင်များအား ကယ်ဆယ်ရန် သဘော်ပေါ် တက်စေသောအခါ ရေပြင်၌ လေဟုန်ကြောင့် ကြွတက်လိမ့်လူး ရိုက်ခတ်နေသော ရေစိုင် ရေလှိုင်းကို မြင်၍ သ၊ဘော်ပင် နစ်မြုပ်မည်ဟု စိုးရိမ်မကင်းဖြစ်နေ၏။ ထိုအခါ အလ္လာဟ်၊အရှင်မြတ်သည် ထိုစိုးရိမ်မှုမှ လွတ်မြောက်စေရန် အောက်ပါ ဒုအာကို ဟဇရသ်နူဟ်အား ဖတ်ကြား၍ ထွက်ခွာရန် အမိန့်ပြုခဲ့သည်။

بِسْمِ اللّٰهِ مَجْرٖىهَا وَمُرْسٰىهَا اِنَّ رَبِّىْ لَغَفُوْرٌ رَّحِيْمٌ

ဟဇရသ်နူဟ် (အလိုင်၊ဟစ္စလာမ်)သည် ထိုအတိုင်း ပြုခဲ့ရာ သဘော်သည် နစ်မြုပ်ခြင်း ဘေးမှ လွတ်မြောက်၍ နောက်ဆုံးတွင် သဘော်နှင့် လူတို့သည် ဘေးမသီရန်မခဘဲ ကမ်းသို့ဆိုက်ကပ်ခဲ့လေသည်။ ဟဇရသ်နူဟ်(အလိုင်ဟစ္စ၊သာမ်)၏ သဘော်သည် ဗစ္စမစ်လ္လာဟ်တစ်ဝက်မျှ ဖတ်ရုံဖြင့် နစ်မြုပ်ခြင်း ဘေးမှ လွတ်မြောက်နိုင်ခဲ့လျှင် အကြင်သူသည် လုပ်ရပ်တိုင်း၏ အစ၌ ဗစ္စမစ်လ္လာဟ်တော်ကို အဆုံး

ဆိ ဖတ်ခဲ့ပါလျှင် ထိုသူသည် အသို့ကြောင့် မအောင်မြင် ရမည်နည်း။

ဟဒီးဆ်တော်တစ်ရပ်၌ အကြင်သူသည် အိမ်မှ ထွက်သော အခါ ဤသို့ ဖတ်ခဲ့ပါလျှင်

بِسْمِ اللّٰهِ تَوَكَّلْتُ عَلَى اللّٰهِ وَلَا حَوْلَ وَلَا قُوَّةَ اِلَّا بِاللّٰهِ

ရှိုင်သာန်သည် ထိုသူအား အနောက်အယှက်မပေးနိုင်တော့ သဖြင့် မျှော်လင့်ချက်ကင်းစွာ ထိုသူထံမှ ထွက်ခွာသွားလေသည်။ ထို့နောက် ရှိုင်သာန်က ယခုကျွန်ုပ်နှင့်အသင် မည်သို့မျှ မပတ်သက်ခဲတော့ဟု ပြောလေသည်။ (အဗူဒါဝူဒ်- သစ်ရိမိဒီ)

* * *

ဗစ္စမစ်လ္လာဟ်တော်၏ တန်ခိုးတော်နှင့်စီးဆင်းသော ဣန္ဒသ်၏ချောင်းလေးသွယ်

ရူဟွလ်ဗယာန်ကျမ်းရှင်က အဆို တစ်ရပ်တွင် ဖော်ပြခဲ့သည်။ ဘမန်တော်မြတ် (ဆွာလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် မေ့အ်ရာဂ်သဉ်ဣန္ဒသ်သို့ လှည့်လည်သည့်အခါ ချောင်းလေးသွယ်ကိုမြင်၍ ဂျစ်ဗ်ရာအီလ် ကောင်းကင်တမန်ကြီးအား ဤချောင်းသည် အဘယ်နေရာမှစ၍ အဘယ်နေရာမှာ ဆုံးပါသနည်းဟု မေးမြန်းရာ၊ ဂျစ်ဗ်ရာအီလ် (အလိုင်ဟစ္စလာမ်) က ဤချောင်းများသည် ကောင်စရ်ရေကန်တော်ကြီးဘက်သို့ စီးဆင်းသွားသည်ကိုတော့ သိပါသည်။ အဘယ်နေရာမှစတင် စီးဆင်းသည်ကိုကား မသိရပါ၊ ကိုယ်တော် သိလိုပါက

အရှင်မြတ်ထံတော်၌ ဒုအာပြုပါ၊ ကိုယ်တော်အား မုချအသိပေးပါလိမ့်မည်။ ထိုအခါ တမန်တော်မြတ် (ဆွာလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် ဒုအာပြုခဲ့ရာ ကောင်းကင်မှ ဖရစ်ရှ်သာတစ်ပါး ရောက်လာပြီးနောက် စလာမ်ပြုရှ် လျှောက်ထားသည်မှာ၊ 'အိုအလ္လာဟ် အရှင်မြတ်၏ ရာဇူလ်တမန်တော်၊ ကိုယ်တော် မျက်စိ မှိတ်တော်မူလိုက်ပါ။ ထို့နောက် တစ်ဖန် ယခု မျက်စိ ပြန်ဖွင့်တော်မူပါဟု လျှောက်ထားလေသည်၊ တမန်တော်မြတ် (ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် မျက်စေ့ပြန်ဖွင့်လိုက်ရာ မိမိသည် သစ်ပင်တစ်ပင်အောက်၌ရောက်ရှိနေပြီး မိမိရှေ့တွင် ပုလဲဖြူလုံးကြီးကိုထွင်းထားသော ခမ်းနားထည်ဝါလှသည့် အဆောက်အဦတစ်ခုကို မြင်တွေ့ရကြောင်း၊ ထိုအဆောက်အဦးတွင် နီရဲသော ရွှေတံခါးကြီးတစ်ချပ် တပ်ဆင်ထားကြောင်း၊ ၎င်းကို သော့များခတ်ထားကြောင်း ထိုအဆောက်အဦ၏ကြီးမား ခန့်ငြားမှုမှာ အံ့မခန်း ဖြစ်နေကြောင်း တွေ့မြင်ရလေ ၏။ ကိုယ်တော်က ထိုပုလဲဖြူ အဆောက်အဦး၌ လူနှင့် ဂျင်နီသားအားလုံး ဝင်ရောက်သွားလျှင်လည်း တောင်တစ်လုံးပေါ်၌ရှိသော ဌက်ကလေးပမာ ၎င်း၏ကျယ်ဝန်း မှုကို အလျဉ်း ထိခိုက်မည် မဟုတ်ကြောင်း မိန့်ကြားခဲ့သည်။ တမန်တော်မြတ် (ဆွာလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က ဆက်လက် မိန့်ကြားသည်မှာ ကျွန်ုပ်သည် ထိုချောင်းလေးသွယ်ကို ထိုအဆောက်အဦးအောက်မှ စီးဆင်းနေသည်ကို တွေ့ရ၏။ ထို့နောက် ကျွန်ုပ်သည် ပြန်ဖို့ ရည်ရွယ်သည့်အခါ ဖရစ်ရှ်သာကြီးက ကိုယ်တော် ထိုအိမ်တွင်း၌ အဘယ့်ကြောင့် ဝင်မကြည့်ပါသနည်းဟု လျှောက်ထားရာ ကိုယ်တော်က ကျွန်ုပ်၌ သော့မရှိဘဲ မည်သို့ဝင်နိုင်အံ့နည်း ဟု မိန့်တော်မူ၏။ ထိုအခါ ဖရစ်ရှ်သာကြီးက 'ယာ-ရာဇူလလ္လာဟ်၊ ၎င်း၏သော့သည် ဗစ္စမစ်လ္လာဟ်ဟစ်ရဟ်မာနစ်ရ်ရဟီးမ်' သာ ဖြစ်ပါသည် ဟု ဖြေကြားလေသည်။ထို့နောက် ကျွန်ုပ်သည် သော့ခလောက် အနား သို့ သွား၍ ဗစ္စမစ်လ္လာဟ်တော်ကို ဖတ်လိုက်ရာ

သော့မှာ ပွင့်သွားပါတော့သည်။ ၎င်းနောက် ကျွန်ုပ်သည် ထိုအိမ်တော် အတွင်းသို့ ဝင်သွားပါသည်။ ထိုဖော်ပြပါ စမ်းချောင်းကြီးများသည် ထိုအိမ်တော်အတွင်းရှိ ထောင့်လေးထောင့်မှ စီးဆင်းနေသည်။ ယင်းထောင့်များ၌ ဗစ္စမစ်လွှာဟစ်ရ်ရဟ်မာနစ်ရ် ရဟီးမ်' ဟု ရေးသား ထားသည်။ ပထမ ရေစမ်းချောင်းသည် 'ဗစ္စမစ်လွှာဟ်'၏ 'မိမ်' အက္ခရာမှ စီးဆင်းနေသည်။ 'အလွှာဟ်' ၏ 'ဟေ'အက္ခရာမှ နို့ရည်စမ်းကြီး စီးဆင်းနေသည်။ 'အရ်ရဟ် မာန်'၏ 'မိမ်'အက္ခရာမှ အရက်ရေ စမ်းကြီး စီးဆင်းနေသည်။ 'အရဟီးမ်'၏ 'မိမ်'အက္ခရာမှ ပျားရည်စမ်းများ စီးဆင်းနေသည် ကို တွေ့မြင်ရပါသည်၊ ကျွန်ုပ်သည် ဤသည်များကို တွေ့၍ ဤစမ်းချောင်းများ၏ စ ဦးထွက်ပေါ်ရာ စမ်းပေါက်များသည် 'ဗစ္စမစ်လွှာဟ်ဟစ်ရ်ရဟ်မာနစ်ရဟီးမ်'ဖြစ်ကြောင်း သဘောပေါက်နားလည် သွားပါသည်။ တစ်ဖန်ထိုအချိန်ပင် အလွှာဟ်အရှင့်ဘက်တော်မှ အသံထွက်ပေါ်လာ၏။ 'အိုမုဟမ္မဒ်၊ အသင်၏ အွမ္မသ်၌ အကြင်သူ၊ ငါအရှင်အား စိတ်ထားဖြူစင်စွာနှင့် ထိုနာမတော်များကို အကြောင်းခံ၍ သတိရတသခဲ့ပါမူ၊ ထို့နောက် 'ဗစ္စမစ်လွှာဟ်ဟစ်ရ်ရဟ်မာနစ်ရ်ရဟီးမ်'ကို ဖတ်ကြား ခဲ့ပါမူ ငါအရှင်မြတ်သည် ထိုသူအား ထိုစမ်းချောင်းများမှ ဝဝလင်းလင်း တိုက်ကျွေးမည်ဖြစ်ကြောင်း လာရှိပါသည်။ ဟဒီးဆ် တော်တစ်ရပ်၌ အကြင်သူဘဝတစ်သက်တာတွင် ''ဗစ္စမစ်လွှာဟ်'တော်ကိုတစ်သိန်း ရွတ်ဖတ်ခဲ့ပါမူ အရှင်မြတ် သည် ထိုသူ၏ဦးခေါင်း၊ ရင်ဘတ်နှင့် ခြေလက်မျက်နှာတို့ကို ငရဲမီးမှ ဟရာမ်ပြုပေးတော်မူအံ့ဟု လာရှိပေသည်။

ဖော်ပြပါသဖိစိရ်ရှင်ကမူ ဆက်လက် ဖော်ပြထားသည်မှာ အကြင်ဒုအာ၌ 'ဗစ္စမစ်လွှာဟ်'တော်ကို အစပျိုးခဲ့သော် ထိုဒုအာသည် ဘယ်သောအခါမှ အပါယ်ခံရမည် မဟုတ်ကြောင်း။ ထို့ပြင် လသာ အေဖွလ်အေရှာရာသ်ကျမ်း၌ ရိတ်ခ်အဟ်မဒ်ဗိုသီသခင်၏

အဆိုတစ်ရပ်ကို ဆင့်ပြန်ခဲ့သည်။ အကြင်သူတို့သည် 'ဗစ္စမစ်လွှာဟ်' တော်ကို မြောက်မြားစွာ ဆီးဖြန်းခဲ့သော် ၎င်း၏ အရှိန်အဝါသည် စကြဝဠာ အတွင်းရှိ အရာခပ်သိမ်းအပေါ်၌ တည်မြဲနေမည် ဖြစ်ကြောင်း ရေးသားဖော်ပြထားပေသည်။

* * *

- ဟဒီစကွဒ်စိတစ်ပုဒ်

တမန်တော်မြတ် (ဆွာလ္လလ္လာဟုအလိုင်ဟိဝစလ္လာမ်)သည် အဆိုပါ ဟဒီးဆ်တော်ကို ဂျစ်ဗရာအီလ် (အလိုင်ဟစ္စလာမ်)ထံမှ လည်းကောင်း၊ ၎င်းသည် မိကာအီလ်(အလိုင်ဟစ္စလာမ်)ထံမှလည်း ကောင်း၊ ၎င်းသည် အစ္စရာဖိလ် (အလိုင်ဟစ္စလာမ်)ထံမှ လည်းကောင်း၊ 'ကစမ်' အသီးသီး ကြိမ်ဆို၍ မိန့်ကြားထားပေသည်။

အနန္တ တန်ခိုးတော်ရှင် အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူသည်။ 'အို – အစ္စရာဖိလ်၊ ငါ အရှင့်၏ ဂုဏ်တော်အနန္တ၏ ကစမ်၊ ငါအရှင်၏ ကြိုးကျယ်ထွတ်မြတ်ခြင်း၏ ကစမ် ငါအရှင်၏ ရက်ရောတော်မူခြင်း၏ ကစမ်၊ အကြင်သူ ဗစ္စမစ်လွှာဟ် ဟစ်ရ် ရဟ်မာနစ်ရဟီးမ်ကို စူရဟ်ဟာသိဟာနှင့်တကွ တွဲ၍ ဖတ်ခဲ့သော်၊ ငါအရှင်သည် ထိုသူ၏ အပြစ်များကို ပလပ်ပေးမည် ဖြစ်ကြောင်း၊ ထိုသူ၏ ကောင်းမှုများကို လက်ခံမည်ဖြစ်ကြောင်း၊ ထိုသူ၏ နှုတ်လျှာကို ငရဲမီးမှ ချမ်းသာခွင့်ပေးမည် ဖြစ်ကြောင်း၊ ထိုသူအား ငရဲမီးဘေးမှ လည်းကောင်း၊ သချိုင်း၏ ပြစ်ဒဏ်များမှ လည်းကောင်း နောင်တမလွန်၏ ပရိဒေဝ၊ ပူဆွေးမှုများမှ လည်းကောင်း၊ ကာကွယ်ပေးမည်ဖြစ်ကြောင်း၊ အသင် အစ္စရာဖိလ် သက်သေ ထူလော့ ဟု အလ္လာဟ်အရှင်မြတ် မြွက်ကြားတော်မူခဲ့ပေသည်။ (ရူဟွလ်ဗယာန်)

အကြင်သူသည် ' ဗစ္စမစ်လ္လာဟ် ' တော်ကို စူရဟ်ဖာသိဟာ နှင့် အတူတွဲ၍ ဖတ်သည်နှင့် ကဗရ်၊ ဟရ်ရ်နှင့် ဂျဟန္နမ်၏ကြောက်မက် ဖွယ် ပြစ်ဒဏ်များမှ ကင်းလွတ်မည်ဟု မြွက်ကြားထားတော်မူသော ကြောင့် 'ရိတ်ခ်အပ်က်ဗရ်'က မိမိပြုစုအပ်သော 'ဖသူဟာသ်' ကျမ်း၌ 'အသင်တို့ စူရာဖာသိဟာကိုဖတ်လျှင် ဗစ္စမစ်လ္လာဟ်နှင့် ကစ်ဆက်တည်းတွဲ၍ အသက်ရှူ မပြတ်ဘဲ တစ်ရှိန်တည်း အဆုံးတိုင် ဖတ်ပါဟု မိန့်ကြားခဲ့ပေသည်။

ဟဇရသ်အီစာ (အလိုင်ဟစ္စလာမ်) ကဗရ်တစ်ခုသို့ ရောက်တော်မူခြင်း

ဟဇရသ်အီစာ (အလိုင်ဟစ္စလာမ်)သည် ကဗရ်တစ်ခုဆီသို့ ရောက်တော်မူရာ ၎င်းအတွင်း၌ သေသူအစောစ်သင့်နေသည်ကို တွေ့မြင်တော်မူခဲ့၏။ ရက်အနည်းငယ်ကြာသော် တစ်ဖန် ပြန်ရောက်တော်မူခဲ့ရာ၊ ၎င်းမှ အစောစ်အပြစ်ဒဏ် မရှိတော့ကြောင်း၊ သုခချမ်းသာ ရှိနေကြောင်းသိရသည်။ ထိုအခါ တအံ့တသြဖြစ်ကာ 'အို – အရှင်မြတ် ထိုသူ့အပေါ်မှ အစောစ်ကို အဘယ် ကောင်းမှုကုသိုလ်ဖြင့် ရပ်သိမ်းတော်မူသည်ကို သိပါရစေဟု ဆုပန်လေ၏။ ထိုအခါ အရှင်မြတ်က 'အို– အီစာ၊ ဤ ဗန္ဓာဟ် ကွယ်လွန်သောအခါ သူ၏သားငယ်တစ်ယောက် ရှိခဲ့၏။ ယခုသူ၏ နေရိုးသည် ထိုကလေးအား စာသင်ကျောင်း၌ အပ်လိုက်ပြီး ဖြစ်သည်။ ထိုကလေးသည် ဆရာရှေ့၌ ' ဗစ္စမစ်လ္လာဟစ်ရ် ရဟ်မာနစ်ရဟီးမ်' ဖတ်ခဲ့၏။ ယင်း၌ ငါကိုယ်တော်၏ ဂုဏ်တော်အနန္တ အဆုံးမရှိသော သနားကြင်နာခြင်းဟူသော 'ရဟ်မာန်၊ ရဟီးမ်'ကို ရွတ်ဖတ်ခဲ့၏။ ငါအရှင်သည် ထိုကလေး၏ ဖခင်ကို အပြစ်ပေးရန် ရွက်တော်မူခဲ့ပေသည်။ သို့ဖြစ်၍ ၎င်းအပေါ်မှ ပြစ်ဒဏ်များကို ရပ်သိမ်း၍

မပြတ်မစဲသနား ကြင်နာခြင်းဟူသော ဝိသေသကို ပြလိုက်ရခြင်း ဖြစ်သည်'ဟု မိန့်ကြားတော်မူလေသည်။

သာသနာ့ ညီနောင်အပေါင်းတို့ မိမိသားသမီးများအား သာသနာ့စာပေ ပညာများ သင်ကြားပေးပါ။ ဤဟဒီးဆ်တော်မြတ်၌ သာသနာ့စာပေနှင့် 'ဗစ္စမစ်လ္လာဟ်'တော်၏ ထူးမြတ်ခြင်းများ ပေါ်လွင်လှနေပေပြီ။ သို့ပါလျက် မေ့လျော့ထားခြင်းနှင့် လောကီဝိသမတို့ကြောင့် မိမိရင်သွေးတို့၏ဘဝကို နစ်နာစေခြင်းကား ဝမ်းနည်းကြေကွဲစရာ တစ်ရပ်ပင် ဖြစ်ပေသည်။ အလ္လာဟ် အရှင်မြတ်သည် မွတ်စလင်မ်ထုတစ်ရပ်လုံးအား မှန်ကန်သော အသိတရားများ ပေးသနား တော်မူပါစေ (အာမိန်)

'ဗစ္စမစ်လ္လာဟ်'သည် ဖြေဆေးတစ်လက်နှင့်ဆေးနည်းတစ်ရပ်

အခါတစ်ပါး၌ ဟဇရသ် အွတ်စ်မာန် သခင်သည် တမန်တော်မြတ် ဆွာလ္လလ္လာဟု အလိုင်ဟိဝစ္စလ္မ်)အား မိမိခန္ဓာကိုယ်၌ နာကျင်ထုံထိုင်းနေကြောင်း ပြောပြခဲ့ရာ ကိုယ်တော်က အသင်သည် နာကျင်သော နေရာ၌ လက်ထား၍ ဗစ္စမစ်လ္လာဟ်တော်ကို သုံးကြိမ် ဖတ်ပါ။ ထို့နောက် ဤ ဒုအာကို ခုနစ်ကြိမ်ဖတ်ပါ။

أَعُوذُ بِعِزَّةِ اللهِ وَقُدْرَتِهِ مِنْ شَرِّ مَا أَجِدُ وَأُحَاذِرُ

ထိုအခါ ဟဇရသ် အွတ်စ်မာန်သခင်သည် ထိုအတိုင်းပြုခဲ့ရာ နာကျင်ခြင်း ဝေဒနာသည် အမြဲအတွက် ပပျောက်သွားလေတော့သည်။

ဟဇရသ်အလီသခင်မှ အဆိုတစ်ရပ် လာရှိသည်။ 'ဗစ္စမစ်လ္လာဟ်'သည် ရောဂါဟူသရွေ့တို့၏ ပျောက်ဆေးတစ်လက်ပင် ဖြစ်ကြောင်းနှင့်ဆေးတိုင်းအတွက်အဓိကမူတည်ရာဖြစ်ကြောင်းမှတ်ချက်

ချခဲ့ပေသည်။ထို့ပြင် မိန့်ကြားသည်မှာ 'ဗစ္စမစ်လွာဟ်'သည် ရောဂါတိုင်း၏ ပျောက်ဆေး တစ်လက် ဖြစ်ပြီး ရောဂါတိုင်း အတွက် အထောက်အကူ တစ်ခု ဖြစ်သည်။ ထို့ပြင် အီမာန်ရှင်များအား 'အရ်ရဟ်မာန်' နာမံတော်ထက်သာ ပို၍ အထောက်အကူ ပြုသည့် အရာဟူ၍ မည်သည့်အရာမျှမရှိ။ အရ်ရဟီး်မ်'သည် 'သောင်ဗတ်' အမှား ဝန်ခံသူများ ကောင်းကျိုးပွားများသော အီမာန်ရှင်များအတွက် အကျိုးသက်ရောက်ဆုံးဖြစ်သည်ဟု မိန့်ကြားခဲ့ပေသည်။ ဤနည်းနှင်နှင် သမိုင်းသုတေသီများက ရေးကြသည်မှာ ဟဇရသ်ခါလစ်ဒ်ဗင်ဝ လီဒ်သခင်သည် ဆီးရီးယား နိုင်ငံ၌ တပ်တစ်ခုကို ဝိုင်းထားခဲ့စဉ် အဝိုင်းခံနေရသူများက အသင်တို့ သဘ်သနာ သည် မှန်ကန်သော ဘာသာ၊ သာသနာဖြစ်လျှင် သက်သေအထောက် အထားတစ်ခုကို ပြသပါ။ ကျွန်ုပ်တို့ အစ္စလာမ်ဘောင်အတွင်းသို့ ကူးပြောင်းကြပါ မည်ဟု တောင်းဆိုကြသဖြင့်၊ ဟဇရသ်ခါလစ်ဒ် က 'ထိုသို့ဆိုလျှင် အသင်တို့အထဲမှ အပြင်းဆုံး အဆိပ် တစ်စုံတစ်ရာကို ယူလာပါ'ဟု တောင်းလိုက်သည်။ ၎င်းတို့ကလည်း ရန်သူအတွက်သုံးရန် အန္တရာယ် အရှိဆုံး အဆိပ် တစ်ခွက်ကို ယူလာခဲ့သည်။ ဟဇရသ်ခါလစ်ဒ်သခင်သည် အဆိပ်ခွက်ကို ယူ၍ ၎င်းတို့ ရှေ့မှောက်တွင် 'ဗစ်မစ်လွာဟ် ဟစ်ရ်ရဟ်မာနစ်ရ်ရဟီး်မ်'ကို ဖြတ်ပြီး လျှင် တကျိုက်ကျိုက်နှင့် မော့သောက်လိုက်သော်လည်း အတန်ကြာသည်အထိ အဆိပ်သင့်သည့် လက္ခဏာ မည်သို့မျှမတွေ့ရချေ။ ထိုအခါ ၎င်းတို့အားလုံးသည် ဤ အဖြစ်ဆန်းကို မြင်၍ အစ္စလာမ်နှင့် အီမာန်ကို လက်ခံလိုက်ကြပြီး ခံတပ်ကို လက်လွှဲပေးလိုက်ကြလေသည်။ ဤသည် ဟဇရသ်ခါလစ်ဒ်၏ ယုံကြည်ချက်နှင့် ဗစ္စမစ်လွာဟ်၏ တန်ခိုးတော်တည်း။

အဆိုတစ်ရပ်တွင် လာရှိသည်မှာ ရောမဘုရင်သည် ခေါင်းကိုက် ဝေဒနာကို ခံစားနေခဲ့ရာ မည်သည့် ဆေးနည်းမှ အကျိုး မရရှိခဲ့ပေ။ ထိုအခါ ဟဇရသ်အုမရ် သခင်အား မိမိ အဖြစ်အပျက်ကို

ရေးသားခဲ့သည်။ ဟဇရသ်အုမရ်သခင်သည် ၎င်းအတွက် ဦးထုပ်တစ်လုံး ပေးပို့ခဲ့ပြီး စာ၌ 'ဤသည်ကို ဆောင်ထားပါ၊ ဝေဒနာပျောက်သွားပါလိမ့်မည်' ဟု ရေးလိုက်သည်။ ထိုအခါ ရောမဘုရင်မင်းသည် ထိုဦးထုပ်ကို ဆောင်းနှင်ခဲ့ရာ၊ ဝေဒနာသည် ယူပစ်သကဲ့သို့ ပျောက်သွားလေ၏။ ထို့ပြင် အံ့အားသင့်သည့် ကိစ္စရပ်မှာ ဦးခေါင်းမှ ဦးထုပ်ချွတ်သည်နှင့် တစ်ဖန်နာခြင်း ဝေဒနာဖြစ်လာလေ၏။ထိုအခါဘုရင်သည် အကြောင်းရင်းကို သိလို၍ ဦးထုပ်ကို ဖြည်ကြည့်ခဲ့ရာ စာရွက်ပိုင်းငယ်တစ်ခု၌ ' ဗစ္စမစ်လ္လာဟ် ဟစ်ရ်ရဟ်မာနစ်ရဟီးမ်' ဟု ရေးသားထားသည်ကို တွေ့ရ၍ ဧကန်အမှန် 'ဗစ္စမစ်လ္လာဟ်'တော်၏ ဗရ်ကသ်တော်ကြောင့် သက်သာပျောက်ကင်းရခြင်းဖြစ်ကြောင်း သိရှိသွားလေသည်။

အလ္လာမဟ်ကုရ်သူဗီသခင်ကမူတရားတော်မြတ်၌ ကိစ္စတိုင်း၏ အစ၌ ဗစ္စမစ်လ္လာဟ်ဖတ်ရွတ်ရန် အမိန့်ပြုထားသည့်ပြင် ၎င်းကို မွတ်စ်သဟဗ်'ဟု ဖော်ပြထားသည်။ ဥပမာ စားရန်၊ သောက်ရန်၊ သန့်ရှင်းမှု ရယူရန်၊ လှိုးဖြတ်ရန် စသည်တို့၌ ဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်၌ ပါရှိသည်မှာ 'အသင်တို့ စားသောက်ရာ၌ 'ဗစ္စ မစ်လ္လာဟ်' ဆို၍ စားသောက်ကြပါကုန်၊ ထို့ပြင် အသင်တို့ အစီးအနင်း စီးနင်းသော အခါ ဗစ္စမစ်လ္လာဟ်' ဆို၍ စီးနင်းကြပါကုန်၊ ထို့ပြင် ဟဒီးဆ်တော်မြတ်၌ အသင်တို့၏ တံခါးများ ပိတ်သော အခါ 'ဗစ္စမစ်လ္လာဟ်' ဆို၍ ပိတ်ကြကုန်၊ မီးတိုင်ငြိမ်းသတ်သော အခါ 'ဗစ္စမစ်လ္လာဟ်' ဆို၍ ငြိမ်းသတ်ကုန်။ အိုးခွက်ပန်းကန် ဖုံးအုပ်သောအခါ ဗစ္စမစ်လ္လာဟ် ဆို၍ ဖုံးအုပ်ပါကုန်။ စားသုံးသောအခါ ဗစ္စမစ်လ္လာဟ်ဆို၍ စားသောက်ပါကုန်ဟု လာရှိပေသည်။

'တမန်တော်မြတ်က အမရ်ဗင်စလ်မဟ်အား 'အို-ကလေး လက်ျာလက်ဖြင့် 'ဗစ္စမစ်လ္လာဟ်'ဆို၍ မိမိရှေ့မှ စားပါလေ'ဟု မိန့်ကြားခဲ့လေသည်။ ထိုနည်းတူစွာ အရာတိုင်း၌ ဗစ္စမစ်လ္လာဟ်မှ

အစပြုရန် မိန့်တော်မူသည်။ သို့ပါလျက် ယနေ့ ကျွန်ုပ်တို့သည် ဗစ္ဆမစ်လွှာဟ်နှင့် ကင်းကွာလျက် ရှိနေပေသည်။ ဤကဲ့သို့ ကြီးမား သော နေ့အိမသ်(စည်းစိမ်)တော်ကို ရရှိနိုင်ပါလျက် လက်မဲ့ဖြစ် နေသည်မှာ ကြေကွဲစရာ တစ်ရပ်ပင် ဖြစ်ပေသည်။

အလွှာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အား တရားတော်အတိုင်း လိုက်စားဆောင်ရွက်နိုင်စွမ်းများ ပေးသနား တော်မူပါစေ(အာမိန်)

ဗစ္ဆမစ်လွှာဟ်သည် ငရဲဘုံ၏ မီးတောက် မီးလျှံမှ ကာကွယ်ရန် အကြောင်း တရားဖြစ်သည်

အလွှာမဟ်ကုရ်သူဗီသခင်သည် အအ်မရှ်သခင်မှ တစ်ဆင့် အဆိုတစ်ရပ်ရေးသား ဖော်ပြပေသည်။ သဘောကား အကြင်သူသည် ဂျဟန္နမ်၏ မီးတောက်မီးလျှံ ၁၉ ခုကို စောင့်ကြပ်သော ဖရစ်ရှ်သာ ၁၉ ပါး၏ အပြစ်ဒဏ်ပေးခြင်းမှ အရှင်မြတ်၏ အကာအကွယ်ပေးမှု ကို ရလိုသော် 'ဗစ္ဆမစ်လွှာဟ် ဟစ်ရ် ရဟ်မာနစ်ရဟီး်မ်'ကို ဖတ်ရွတ် သရဇ္ဈယ်ရပေမည်။သို့မှသာ အရှင်မြတ်သည် ထိုနာမဲတော်၏အကွရာ (၁၉)လုံးနှင့်အညီ ဒိုင်းသဖွယ်ပြုစေ၍ ၎င်းအား ချမ်းသာခွင့် ပေး တော်မူအံ့။

ဗစ္ဆမစ်လွှာဟ်တော်ကို 'ဗါ' အက္ခရာနှင့် အဘယ့်ကြောင့် စရသနည်း

အလွှာဟ် အရှင်မြတ်သည် 'ဗစ္ဆမစ်လွှာဟ်'တော်ကို 'အလစ်ဖ်' (ا)အက္ခရာနှင့် အစမပြုဘဲ'ဗာ' (ب) အက္ခရာနှင့် အစပြု ထားပေသည်။ ၎င်း၏အကြောင်းရင်းကို သာသနာ့ပညာရှင်ကြီးများက ဤသို့ ရေးသားခဲ့သည်။အဘယ့်ကြောင့်ဆိုသော် အလစ်ဖ်(ا)သည်

ဗာ(ျ)နှင့် စာလျှင် အသံအားဖြင့် ထောက်သည်၊ ရှည်သည်က တစ်ကြောင်း၊ ၎င်းတည့်တည့် မတ်မတ်ရှိ၍ အပြင်ပန်းအားဖြင့် ဖောက်ပြန်ခြင်း၊ ကြွားဝါခြင်းအနက် အဓိပ္ပာယ် ရရှိသည်က တစ်ကြောင်း ဖြစ်နေ၏။ 'ဗာ' (ျ)အက္ခရာကား ဤသို့မဟုတ် ၎င်းသည် လဲလျောင်းနေသည့် ပုံစံရှိသောကြောင့် အောက်ကျို့ခြင်း၊ ကျိုးနွံခြင်း အနက်အဓိပ္ပာယ်ကို ပေါ်လွင်စေသည် ဖြစ်သည်။ဟဒီးဆ်တော်မြတ်၌ ကိုယ်တော်က အကြင်သူသည် အရှင်မြတ်ရှေ့တော်မှောက်၌ ကျိုးနွံ ကျိုးငဲ့ခဲ့ပါလျှင် အရှင်မြတ်သည် ထိုသူအား မြှင့်တင် ပေးတော်မူအုံဟု လာရှိသည်။ သို့ဖြစ်သောကြောင့် 'ဗါ' အက္ခရာကို ဂုဏ်ချီးမြှင့်၍ 'ဗစ္ဆမစ်လ္လာဟ်'တော်ကို 'ဗါ' အက္ခရာနှင့် အစပြုခဲ့ခြင်း ဖြစ်ကြောင်း ရေးသားထားပေသည်။ သဖ်စီရ်ရူဟွလ် ဗယာန်၌ ၎င်း၏ အကျယ်ကို ရေးသားထားပေသည်။ ဤနေရာ၌ ကျမ်းလေးမည်ကို စိုးရိမ်၍ ချန်လှပ်လိုက်ရပေသည်။

ဗစ္ဆမစ်လ္လာဟ်တော်၌ နာမ်တော်သုံးပါး ဖော်ပြခြင်း၏ အနက်သဘော

အလ္လာဟ်အရှင်မြတ်သည် ဗစ္ဆမစ်လ္လာဟ်တော်၌ နာမ်တော်သုံးပါးကို ဖော်ပြထားပါသည်။ အကြောင်းရင်း မည်သို့ ရှိသည်ကို စဉ်းစားစရာပင် ဖြစ်သည်။ သုခမိန်၏ ဆောင်ရွက်ချက်တိုင်း၌ အမြော်အမြင်တရားများ ကိန်းဝပ်လျက်ရှိ၏ဟူသော ဆိုရိုးစကား အရ အရှင်မြတ်၏ နာမ်တော်များတွင် မည်သို့သော် အမြော်အမြင်များရှိသည်ကို စဉ်းစားအပ်ပေသည်။ ဤသည်နှင့်စပ်လျဉ်း၍ သာသနာ့ ဝန်ထမ်းရှင်များက ရေးသားသည်မှာ လူတို့၌ ကလေးဘဝ၊ လူလတ်ဘဝ

နှင့် လူကြီးဘဝ ဇရာအိုဟူ၍ အရွယ်သုံးပါး ရှိသည်။ သူဌေးဆင်းရဲသားနှင့် သူတောင်းစားဟူ၍ လူတန်းစား သုံးရပ် ရှိသည်။ လောက ကမ္မာသည်လည်း ဒွန္ဒယာလောက ဗရဟ္မဓံလောကနှင့် အာဓိရာဇ် တမလွန်လောက ဟူ၍ သုံးခုရှိသည်။ ထို့အတူအချိန်အားဖြင့်လည်း ရှင်သန်သော အချိန်၊ အိပ်ပျော်နေသောအချိန်နှင့်အသက်ပျောက်သော အချိန်ဟူ၍ သုံးချိန်ရှိသည်။ တမလွန်၌ ဌာနကြီး သုံးရပ်ရှိသည်။ ယင်းတို့မှာ ငရဲဘုံ၊ ကြားစဓန်းနှင့် သုခဘုံတို့ဖြစ်ကြသည်။ အလွှာဟ် အရှင်မြတ်သည် ဤနေရာ၌ နာမံတော်သုံးပါးကို ဖော်ပြတော်မူကာ အရာဟူသရွေ့တို့သည် ဗစ္စမစ်လွှာဟ်နှင့် ဆက်နွယ်လျက်ရှိကြောင်း 'အလွှာဟ်' မည်သော နာမံတော်သည် ဂုဏ်တော်အလုံးစုံတို့ကိုလွှမ်းခြုံထားကြောင်း၊ အရာခပ်သိမ်း၏ တည်ရှိနေခြင်းသည် 'ရုဟ်မာန်' ဂုဏ်ပုဒ်တော်ကြောင့် ဖြစ်ကြောင်း၊ အလွှာဟ်အရှင်မြတ်သည် လူတို့၏ ကြိုးစား အားထုတ်မှုကို အစားပေးတော်မူခြင်းမှာ 'ရဟီးမ်'ဟူသော ဂုဏ်ပုဒ်တော်အရဖြစ်ကြောင်း သိစေပြီး၊ အလုပ်တိုင်းကို နာမံတော် သုံးပါးနှင့်အစပြုရန် အမိန့်ပေးထားခြင်း ဖြစ်သည်။ သို့မှသာလူတို့သည် မိမိတို့၏ အကျိုးတရားများကို ရရှိပေမည်။

ဗစ္စမစ်လွှာဟ်တော်၌ စာလေးလုံးနှင့် အက္ခရာ ၁၉ လုံး ထားသိုခြင်း၏ အနက်သဘော

ဗစ္စမစ်လွှာဟ်တော်၌ စာလေးလုံးနှင့် အက္ခရာ ၁၉ လုံးအဘယ်ကြောင့် ရှိရသနည်း။

သာသနာ့ပညာရှင်များက ထိုစာလုံးလေးလုံးဖြင့် ဓာတ်ကြီးလေးပါးကို ညွှန်ပြခြင်း ဖြစ်သည်ဟု ရေးသားကြသည်။ အရှင်မြတ်သည် လောကအပေါင်းကို ပထဝီ(မြေဓာတ်)၊ အာပေါ(ရေဓာတ်)၊ တေဇော (မီးဓာတ်)၊ ဝါယော(လေဓာတ်)ဟူသော ဓာတ်ကြီးလေးပါး

ဖြင့် ဖန်ဆင်းတော်မူထားသည်။ ထို့ပြင် ခန္ဓာကိုယ်၏ ကျန်းမာမှုလည်း ထိမှတ်ကြီးလေးပါးပေါ်၌ မူတည်နေစေတော်မူ၏။ ထို့ပြင် စိတ်၏ ကျန်းမာမှုသည်လည်း ဉာဏ်၊ အသိ၊ အကြောက်နှင့် မျှော်လင့်ချက် တို့ အပေါ် မူတည်နေစေတော်မူသည်။ ကျမ်းများ၏ မှန်ကန်မှုသည် ကျမ်းကြီး လေးကျမ်း၌သာ လာရှိ၏။ ထို့ပြင် နဗ္ဗဝသ်၏ မှန်ကန်မှုသည်လည်း အဆွေတော် (ဖြစ်ခြင်း)၊ မြင့်မြတ်သော (ဆွေတော်) ဖြစ်ခြင်း၊ မြင့်မြတ်သော ဝိဉာဉ်တော် ဖြစ်ခြင်း၊ စကားကျွမ်းသူဖြစ်ခြင်း၊ အချစ်တော်ဖြစ်ခြင်း ပေါ် မူတည်သည်။ ထို့ပြင် တမန်တော်၏ အရိုက်အရာ ဆက်ခံရန်၊ (၁) အဘူဗကရ် သခင်၊ (၂)အုမရ်သခင်၊ (၃) အွတ်စ်မာန်သခင်၊ (၄) အလီသခင်ပေါင်း လေးပါးကိုသာ သတ်မှတ်တော်မူခဲ့သည်။အလ္လာဟ်အရှင်မြတ်သည် ကလေမဟ်စာလုံး လေးရပ်ကို အကြောင်း ခံ၍ အထက်ဖော်ပြပါ အကြောင်းအချက်များကို ဖြစ်စေတော်မူကြောင်း၊ ထို့ပြင် အရှင်မြတ်သည် ကျမ်းမြတ်ကုရ်အာန်၏ သင့်မြတ်လျော်ကန်ခြင်း၊ ထိုက်တန်ဆီလျော်ခြင်းကိုလည်း ထိုကလေမဟ်တော် လေးရပ်၌ ထည့်သွင်းထားတော်မူပေသည်။

တစ်နေ့တာ ၂၄ နာရီတွင် အချိန်ငါးကြိမ်၌ နမာဇ်ငါးကြိမ်ကို သတ်မှတ်ထားပြီး ကျန်နာရီ၌ ၁၉ လုံးရှိသော ဗစ္စမစ်လ္လာဟ် တော်ကို သတ်မှတ်ထားသည်။ ၁၉ နာရီတိုင်း၌ ထို'ဗစ္စမစ်လ္လာဟ်'၏ အကွရာတိုင်းကို စောင့်ကြပ်သော 'မုအပ်ကလ်'တစ်ပါးစီရှိကြောင်း သဘောပေါက်ရမည်။ ထို့ကြောင့် သာသနာ့ပညာရှင်များက အချိန်တိုင်းကို အေဗဒသ်စာရင်းဝင်နေရန် 'ဗစ္စမစ်လ္လာဟ်'ကို တစ်နာရီလျှင် ၁၉ ကြိမ် ဖတ်သင့်ကြောင်း ဖော်ပြကြသည်။ တစ်ဘက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဇူဘာနီယဟ်မည်သော အပြစ်ဒဏ်ပေးသော ဖရစ်ရှ်သာကြီး ၁၉ ပါးရှိသည်။အကြင်သူသည် စေတနာသန့်သန့်ထားကာ ယုံယုံကြည်ကြည်ဖြင့် ထိုနာမ်တော်ကို နေ့စဉ်

၁၉ ကြိမ်ဖတ်လျှင် ထိုဖရစ်ရှ်သာ ၁၉ ပါး၏ ပြစ်ဒဏ်ခတ်မှုမှ ခိုလှုံခွင့် ရရှိနိုင်မည်ဖြစ်ကြောင်း လာရှိ၏။

ဝုဇ္ဈပြုရာ၌ ဗစ္ဆမစ်လွှာဟ်ဖတ်ခြင်း၏အကျိုး

ဟဇရသ်အဗူဟုရိုင်ရဟ်သခင် ဆင့်ပြန်ခဲ့သည်။ 'အကြင်သူသည် ဗစ္ဆမစ်လွှာဟ် မဖတ်ဘဲဝုဇ္ဈပြုခဲ့သော် ထိုသူအတွက် ဝုဇ္ဈပြုလုပ်သော အစိတ်အပိုင်းမျှသာ အကုသိုလ်ကျွတ်စေမည်။ အကြင်သူ ဗစ္ဆမစ်လွှာဟ်ဖတ်ပြီး ဝုဇ္ဈပြုခဲ့သော် ခန္ဓာကိုယ်တစ်ခုလုံး၏အကုသိုလ်ကျွတ်စေမည်။ အကြင်သူသည် ဗစ္ဆမစ်လွှာဟ်ဖတ်ပြီး ဝုဇ္ဈပြုခဲ့သော် ခန္ဓာကိုယ်တစ်ခုလုံး၏ အကုသိုလ်များ သန့်ရှင်းသွားပေမည်။

ဗစ္ဆမစ်လွှာဟ်ဆို၍ စားသုံးခြင်းသည် ရှိခ်သာန်အား တားဆီးစေသည်

ဟဒီးဆ်တော်မြတ်၌ လာရှိသည်မှာ စားသုံးမည့်အလျင်ဗစ္ဆမစ်လွှာဟ် မဖတ်ခဲ့သော် ရှိခ်သာန်သည် ၎င်းနှင့် ပါဝင် စားသုံးလေသည်။ အကယ်၍ 'ဗစ္ဆမစ်လွှာဟ်'ဆို၍ စားသုံးခဲ့သော် ရှိခ်သာန်သည် အဝေးသို့ ထွက်ခွာသွားလေသည်။

သစ်ရ်မိဇီကျမ်း၌ အာအေရှဟ်သခင်မ၏အဆိုတစ်ရပ်လာရှိသည်။ ကိုယ်တော်မြတ်က မိန့်တော်မူသည်မှာ အသင်တို့စားသုံးသော အခါ ဗစ္ဆမစ်လွှာဟ်ဆို၍ စားကြကုန်။ အစ၌ 'ဗစ္ဆမစ်လွှာဟ်' ဆိုရန် မေ့သွားလျှင်

بِسْمِ اللّٰهِ اَوَّلَهٗ وَاٰخِرَهٗ ရွတ်ဆိုလိုက်ပါ။ဟဒီးဆ်တော်တစ်ရပ်၌ လာရှိသည်မှာ ဆဟာဗီ တစ်ပါးသည် တမန်တော်မြတ်နှင့် အတူစား‌သုံး နေရင်း ဗစ္စမစ်လ္လာဟ် မဆိုမိသည် ကို သတိရလာ၍ ၎င်းက

بِسْمِ اللّٰهِ اَوَّلَهٗ وَاٰخِرَهٗ ဟုဆိုလိုက်ရာ တမန်တော်မြတ်သည် ၎င်းအား ကြည့်၍ ပြုံးရယ်တော်မူ၏။ လူတို့က အို-တမန်တော်မြတ်၊ အဘယ့်ကြောင့် ပြုံးရယ်ရပါသနည်းဟု လျှောက်ထား မေးမြန်းသဖြင့် တမန်တော်မြတ်က ၎င်းသည် ဗစ္စမစ်လ္လာဟ်ကို မေ့ရာမှ ပြန်လည် ဖတ်သည်နှင့် ရှိုင်သာန်သည် စားထားသည်များကို ပြန်အန်ချလိုက်သည်ကို မြင်၍ ငါရယ်မိခြင်း ဖြစ်သည်ဟု ဖြေကြားတော်မူလေသည်။

အီမာမ်အဗူဒါဝူးဒ်သခင်သည် 'ဗစ္စမစ်လ္လာဟ်' အခန်းတော်၌ ရေးသားထားသည်။ ဟဒ်ရသ်ဂျာဗစ်ရ်သခင်သည် တမန်တော်ထံမှ ဤသို့ ပြောကြားသည်ကို ကြားသိခဲ့ရသည်။ တမန်တော်မြတ်က အကြင်အခါ လူတို့သည် အိမ်သို့ ဝင်သောအခါ ဗစ္စမစ်လ္လာဟ် ဖတ်သည်၊ စားရာ၌ ဗစ္စမစ်လ္လာဟ် ဆို၍ စားလျှင် ရှိုင်သာန်သည် မိမိအဖော်များအား သွားစို့၊ ဤအိမ်၌ နေရန်၊ စားရန်၊ နေရာ မရှိတော့ဟူ၍ ပြောဆိုလေသည်။ အကြင်အခါလူတို့သည် ဗစ္စမစ်လ္လာဟ် မဖတ်ဘဲ ဝင်ရောက်၊ စားသောက်သောအခါ ရှိုင်သာန်သည် မိမိအဖော်များအား လာဟော့၊ စားဖို့ နေဖို့ နေရာရထား‌ပြီဟု ပြောကြားလေသည်။ ဟု တမန်တော်မြတ်က မိန့်ကြားတော်မူခဲ့ပေသည်။

ဟဒီး‌ဆ်တော်တစ်ရပ်၌ လာရှိသည်မှာ ပုဂ္ဂိုလ်တစ်ဦး‌သည် တမန်တော်မြတ်အား လျှောက်ထားသည်မှာ 'ယာရစူလလ္လာဟ်ကျွန်ုပ် ထမင်း‌စား‌သုံး‌သော်လည်း တင်းတိမ်သည် မရှိပါ။ ကိုယ်တော်မြတ်က 'ဗစ္စမစ်လ္လာဟ်' မေ့နေဟန်ရှိသည်။ မှန်ပါသည်။ ယာရစူလလ္လာဟ် ထိုအခါ တမန်တော်မြတ်က ဤအကြောင်း အချက်သာလျှင်

အသင့် ဝမ်းကို မတင်းတိမ်နိုင်ခြင်း ဖြစ်သည်ဟု မိန့်ကြားတော်မူခဲ့သည်။

ရဟူဒီမိန်းကလေးတစ်ဦး၏ တရားရဖွယ်ဖြစ်အင်

လင်မ်အာနေဆူဖီးယာကျမ်းတွင် ပါရှိသည်မှာ အကြင် သီလကောင်းမြတ်သူ တစ်ဦးသည် တရား ဟောကြားရာ၌ ဗစ္ဆမစ်လ္လာဟ်၏ ထူးမြတ်မှုများကို တင်ပြလေသည်။ ပရိသတ်၌ ရဟူဒီမိန်းကလေး တစ်ဦးလည်းရှိနေသည်။ ထိုသူတော်စင်၏ စကားများသည် ၎င်းအပေါ်၌ စူးရှစေခဲ့၏။ ထို့နောက် ၎င်းသည် စိတ်ရောကိုယ်ပါ အိမာန်ကို ရယူလိုက်ပြီး ထိုနေ့မှစ၍ 'ဗစ္ဆမစ်လ္လာဟ်'ကို တဖွဖွ ဖတ်မြဲဖတ်နေတော့၏။ မိန်းကလေး၏ မိဘများသည် ၎င်း၏အနေအထိုင်အသွင်အပြင်များကို ကြည့်၍ ဘာသာပြောင်းသွားသည်ကို သိသည်နှင့် ဒေါသ အမျက် ချောင်းချောင်းထွက်ခါ အစွလာမ်နှင့် အိမာန်ကို စွန့်လွှတ်ရန် ခြိမ်းခြောက်ခဲ့လေသည်။ သို့ငြားအံ့လည်း ၎င်းသည် မိမိ ယုံကြည်ချက်တရား၌သာ ရပ်တည်၍ နေခဲ့၏။ ထိုမိန်းကလေး၏ ဖခင်သည် ပြည့်ရှင်မင်း၏ ဝန်ကြီးဖြစ်လေသည်။ ဖခင်သည် သမီး၏ အပြုအမူများကို လူသိ ရှင်ကြား ဖြစ်လာလျှင် သိက္ခာထိပါးမည်က တစ်ကြောင်း၊ ရာထူး လက်လွတ်ကာ မင်းအာဏာသင့်မည်ကို စဉ်းစားတွေးတောမိကာ ဒေါသထ၍၊ ခိုင်လုံသော စွပ်စွဲချက် တစ်ခုကို အကြောင်းပြု၍ သမီးအား အဆုံး စီရင်ပစ်ရန် သန္နိဋ္ဌာန်ချလိုက်သည်။ ထို့နောက် ဘုရင့်တံဆိပ်တော်ရှိသော လက်စွပ်ကို သမီးအားပေး၍ ကောင်းစွာ သိမ်းထားပါဟု ပြောလိုက်၏။ သမီးက မိမိ ဝသီအတိုင်း 'ဗစ္ဆမစ်လ္လာဟ်' ဆို၍ ယူကာ 'ဗစ္ဆမစ်

လွှာဟ် ဆိုပြီး အိတ်ကပ်ထဲထည့်လိုက်သည်။ ညအခါတွင် ဖခင်သည် သူ့အကြိုအတိုင်း အိပ်နေသော သမီး၏ အိတ်ကပ်မှ လက်စွပ်ကို ထုတ်ယူပြီး မြစ်ထဲသို့ သွား၍ ပစ်လိုက်လေသည်။ စိတ်တွင်း၌ ဒေါသဖြစ်လျက် နံနက်တွင် သမီးအား သေစွာပို့မည်ဟု ကြိမ်းဝါးထားသည်။ နံနက်မိုးလင်းသောအခါ တံငါသည် တစ်ဦးသည် ဝန်ကြီးထံ ခစားဝင်၍ ကိုယ်တော်အတွက် လက်ဆောင်ပါဟု လျှောက်ထားကာ၊ ငါးတစ်ကောင် ဆက်သလာသည်။ဝန်ကြီးသည်ဝမ်းသာအားရဖြစ်ကာ အိမ်သို့ ယူဆောင်သွားလေသည်။ အိမ်သို့ရောက်လျှင် သမီးအား ဤငါးကို ယခု ချက်ချင်း အရံသင့်ပြုလုပ်ပါဟု ပြောလိုက်သည်။ သမီးသည် ငါးကို ယူပြီး 'ဗစ္ဆမစ်လွှာဟ်'ဆိုကာ ငါးဝမ်းဗိုက်ကို ခွဲလိုက်သည်။ငါး၏ ဝမ်းဗိုက်ထဲမှ တံဆိပ်တော် လက်စွပ်ထွက်လာသည်ကို အံ့အားသင့်စွာ တွေ့ရ၏။ ထိုအခါ မိမိအား ဖခင်က အပ်နှံထားသော လက်စွပ်ကို သတိရပြီးအိတ်ထဲသို့ ကြည့်လိုက်ရာ ထိုလက်စွပ် ပျောက်ဆုံးနေသည်ကို တွေ့ရ၍ ပိုမို အံ့အားသင့်နေပေသည်။ သို့သော် မည်သို့ မည်ပုံ ငါးဝမ်းတွင်းသို့ ရောက်နေသည်ကို တွေးဆ၍ မရနိုင်ဖြစ်နေ၏။ ထို့နောက် မိန်းကလေးသည် 'ဗစ္ဆမစ်လွှာဟ်'ဆို၍ မိမိအိတ်ကပ်ထဲသို့ ပြန်ထည့်ပြီး ငါးကို ကောင်းစွာချက်ပြုတ်ထား၍ ဖခင်အား ဆက်သလေ၏။ ဖခင်သည် အားရပါးရ စားသောက်ပြီးနောက် သူအပ်ထားသော လက်စွပ်ကိုတောင်းလေ၏။ ထိုအခါ မိန်းကလေးသည် 'ဗစ္ဆမစ်လွှာဟ်' ဆို၍ အိပ်ထဲမှ လက်စွပ်ကို ထုတ်ယူ၍ ဖခင်အား ပေးလိုက်လေသည်။ ဖခင်သည် ဤကိစ္စအပေါ် လွန်စွာ အံ့သြမိကာ သမီးအား လက်စွပ် ဘယ်နေရာမှ ရရှိခဲ့ကြောင်း မေးမြန်းခဲ့ရာ၊ သမီးသည် ၎င်း၏ အကြောင်းရင်းကို 'ဗစ္ဆမစ်လွှာဟ်'မှစ၍ 'ဗစ္ဆမစ်လွှာဟ်'မှ ဆုံးစေကြောင်းများ ပြောပြခဲ့၏။ ထို့နောက် ဖခင်သည် မိမိ၏အကြိုအစည်များကို ပြောပြခဲ့ပြီး ဗစ္ဆမစ်လွှာဟ်၌ ပါရှိသော မပြတ်မစဲသနားကြင်နာတော်မူ

သော နာမ်တော်အောက်တွင် သောင်ဝဗဟ် အမှားဝန်ခံ၍ အီမာန်
ယူလိုက်တော့သည်။ ထို့ကြောင့် မော်လာနာရူမီက 'ဗစ္စမစ်လ္လာဟ်'
သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို ဆွဲဆောင်သော
အရာ၊ စော်ကားမှုများကို ပပျောက်စေသော အရာဖြစ်သည်ဟု
မတ်စ်နဝီကျမ်း၌ ဖော်ပြထားပေသည်။

ဗစ္စမစ်လ္လာဟ်သည် အစ္စမေအအ်ဇမ်ဖြစ်သည်

သာသနာ့ ပညာရှင်များထံ၌ အစ္စမေအအ်ဇမ်နှင့် စပ်လျဉ်း၍
ကွဲလွဲချက်များစွာ ရှိ၏။ သို့သော် ရူဟွလ်ဗယာန်ကျမ်းရှင်သည်
အဆိုပြုချက်တစ်ရပ်ကို အသင့်တော်ဆုံးဟု ပြောဆိုခဲ့၏။ ၎င်းအဆို
ပြုချက်မှာ 'အလ္လာဟ်' မည်သောနာမတော်သည် အစ္စမေအအ်ဇမ်
ဖြစ်သည်။ ထိုနာမ်တော်ကို သဟဲပြုကာ တောင်းလျှင် မုချ လက်ခံ
လေသည်။ သို့သော် အငြင်းဝင်နိုင်စရာ အကြောင်းအချက်မှာ
ကျွန်ုပ်တို့ တစ်ခါ တစ်ရံ ထိုနာမတော်နှင့်တစ်ကွ ဒုအာပြုသော်လည်း
လက်ခံသည့် အဆင့်သို့ မရောက်ကြသဖြင့် ထိုနာမ်တော်ကို အစ္စမေ
အအ်ဇမ်ဟူ၍ မည်သို့ မှတ်ယူနိုင်အုံးနည်း။ ထိုအငြင်းဝင်မှုနှင့်
စပ်လျဉ်း၍ ရူဟွလ်ဗယာန်သဖီစီရ်ရှင်က အဖြေပေးသည်မှာ 'ဒုအာ
လက်ခံသည့်အဆင့်သို့ မရောက်နိုင်ခြင်းအကြောင်းမှာ 'အလ္လာဟ်'ဟူ
သော နာမတော်သည် အစ္စမေအအ်ဇမ်မဟုတ်၍ဟု ယူဆ၍ မရ၊
နမာဇ်မှန်ကန်ရန် စည်းကမ်းရှိရသကဲ့သို့ ဒုအာလက်ခံရန် စည်း
ကမ်းရှိရပေမည်။ သို့ဖြစ်၍ ဒုအာသည် ကောင်းကင်ယံကို ဖွင့်သော
သော့ဖြစ်သည်။ ထိုသော့၏ အသွားများသည် ဟလာလ် အစားအစာ
များဖြစ်သည်။ပထမစည်းကမ်းသည် စားပိုင်သောအစားအသောက်ကို
အကြောင်းခံသည်။ ဝင်သွားသောအစားအသောက်သည် နှလုံးသား
ကို မှန်ကန်အောင် ပြုပေးသည်။ ဒုတိယစည်းကမ်းမှာ 'အစ်ခ်လာစ်

စေတနာသန့်ပြန့်မှုနှင့် ကိုယ်နှုတ်နှလုံး သုံးပါးလုံး၏ ပါဝင်မှုဖြစ်သည်။ ဤ ဖော်ပြပါ အချင်းလက္ခဏာများ မရှိပါက ၊ ဒုအာကို လက်ခံမည် မဟုတ်ဟူ၍ လာရှိသည်။ ဟဒီးဆ်တော်များတွင်လည်း ထိုသို့ပင် အတိအလင်း လာရှိပေသည်။

အလ္လာမဟ်ရှဒ် ဗီသခင်၏အဆိုသည်လည်း ထိုအတိုင်းဖြစ်ပြီး အလ္လာမဟ်ဘူနီးသခင်သည်လည်း ထိုအတိုင်းဖြစ်၍ ကောက်ချက်ပေးခဲ့လေသည်။

'ဗစ္စမစ်လ္လာဟ်'တော်နှင့် စပ်လျဉ်း၍ ကျမ်းကြီးများ၌ အကျယ်တဝင့် ဖွင့်ဆို ရေးသားထားသည်။ ဤစာချပ်သည် လူတို့၏ မေ့လျော့မှုကို ပပျောက်စေရန်၊ တန်ကြေးကြီးသော 'ဗစ္စမစ်လ္လာဟ်'၏ တန်ခိုးအာနုဘော်များကို သိရှိကာ စိတ်ပါဝင်စားမှုများ ဖြစ်လာစေရေးအတွက် စာမြည်းသဘောဖြင့် ရေးသားရခြင်း ဖြစ်ပါသည်။

(အင်နှာအလ္လာဟ်ထားရှိသော ရည်ရွယ်ချက်အတွက် ဤမြှသောစာတမ်းသည် လုံလောက်မည်ဟု မျှော်လင့်ရပါသည်။ အလ္လာဟ်အရှင်မြတ်သည် မွတ်စ်လင်မ်တစ်ရပ်လုံးကို ဗစ္စမစ်လ္လာဟ်ဖြင့် အကျိုးခံစားခွင့် ချီးမြှင့်တော်မူပါရန် ဤစာတမ်းသည် မွတ်စ်လင်မ်တစ်ရပ်လုံးကို အကျိုးပြုတော်မူပါစေဟု ဒုအာ ပြုလိုက်ပါသည်။(အာမိန်)

အဘွလ်ဟစန်အလီ

ဗစ်စမစ်လွှာဟ်နှင့်စပ်လျဉ်း၍ လက်တွေ့ကျင့်ထုံးများ

(၁) بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ - يا الله يا حافظ يا سلام يا محمد رسول الله، هٰذا من فضل ربي - يا قديم الاحسان و يا قديم المعروف من علينا باحسانك يا قديم انت ربّي

အထက်ပါ ဒုအာကို စာရွက်ပေါ်ရေး၍ အိမ်း၌ ချိတ်ဆွဲထားလျှင် ဘေးဘယာများ ဝေးကွာမည်။

(၂) 'ဗစ္စမစ်လွှာ ဟစ်ရ်ရဟ်မာနစ်ရ်ရဟီးမ်'၏ နောက်ဆုံး 'မိမ်'ရှိ 'ဓရ်'ကို အလ်ဟမ်ဒိုဗ်၏ လာမ်ပေါ်ရှိ 'ဂျဓမ်'တွဲ၍ နှစ်လုံးဆက်ဖတ်ပြီး စူရဟ်ဖါသိဟဟ် အကြိမ် ၄၀ ဖတ်ကာ ရေကို မန်းမှုတ်ပြီး သောက်ခဲ့သော် ကျောက်ကပ်နာ၊ ကျောက်တည်နာများ ပပျောက်ပေမည်။

မှတ်ချက်။ ။ ဤကျင့်စဉ်ကို ရက်ပေါင်း (၄၀) တိုင်တိုင် ဖျက်ရိုးမှန်သိန်းနှင့် ဖရစ်ကြား၌ ပြုရပေမည်။

(၃) بسم الله الرحمٰن الرحيم اللّٰهم صل على محمد بعدد كل داءٍ و دواءٍ و بعدد كل علةٍ و شفاءٍ

အထက်ပါဒုအာကို ကြွေပန်းကန်တွင် ကုံကုမ်နှင့် ရေး၍ မကျန်းမာသူ အား တိုက်ကျွေးခြင်း၊ မန်းမှုတ်ခြင်းဖြင့် လွန်စွာအကျိုးထူးပေမည်။

اعوذ بكلمات الله التامات من شر ما خلق - بسم الله خير الاسماء بسم الله رب الارض و رب السماء - بسم الله الذي لا يضر مع اسمه شيء في الارض و لا في السماء و هو السميع العليم

(၄) အထက်ပါ ဒုအာကို ရေး၍ ဖယောင်းသွင်းကာကလေး၏ လည်ပင်း၌ ဆွဲပေးထားခြင်းဖြင့် ဘေးဘယာနှင့် မကောင်းဆိုးဝါး၏ ဘေးရန်မှ ကာကွယ်မှု ရရှိအံ့။

(၅) အောက်ပါအင်းကွက်တွင် ထည့်သွင်းထားသော 'ဗစ္စမစ်လ္လာဟ်' တော်ကို လည်ပင်း၌ ဆွဲထားခြင်း၊ လက်ျာလက်မောင်း၌ ချည်ထားခြင်း၊ ဦးထုပ်တွင်း၌ ထည့်ထားခြင်း စသည်တို့ဖြင့် စိတ်ရှုပ်ထွေးမှုများ၊ ရောဂါဘယများ၊ ကျပ်တည်းမှုများမှ လွတ်မြောက်မည်။

الرحيم	الرحمٰن	الله	بسم
بسم	الله	الرحمٰن	الرحيم
الرحمٰن	الرحيم	بسم	الله
الله	بسم	الرحيم	الرحمٰن

မာတိကာစဉ်

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	စကားဦး	၅
၂။	စကားချီး	၇
၃။	ဗစ္စမစ်လွှာ ဟစ်ရ်ရဟ်မာ နစ်ရ်ရဟီးမ်	၉
၄။	အလွှာဟ်အရှင်မြတ်၏ နာမံတော် သုံးထောင်	၁၀
၅။	ဗစ္စမစ်လွှာဟ်သည် မိစ္ဆာကောင်ကို ခဲကဲ့သို့ပျော်စီးစေသည်	၁၁
၆။	ဗစ္စမစ်လွှာဟ်သည် ရှိုင်သာန်နှင့်လူတို့၏ဘေးရန်မှ ကာကွယ်ကြောင်း	၁၂
၇။	ဗစ္စမစ်လွှာဟ်တော်ကို ဂါရဝပြုခြင်း၏ အကျိုးတရား	၁၃
၈။	ဗီရှ်ရေဟာဖီ၏ အံ့သြဖွယ်အဖြစ်	၁၅
၉။	ဟဇရသ်အလီသခင်၏မိန့်ကြားချက်	၁၇
၁၀။	ဗစ္စမစ်လွှာဟ်တော်၏တန်ခိုးတော်နှင့် စီးဆင်းသောဂျန္နသ်၏ချောင်းလေးသွယ်	၁၈
၁၁။	ဟဒီစေကွဒ်စိတစ်ပုဒ်	၂၁
၁၂။	ဟဇရသ်အီစာ(အလိုင်ဟစ္စလာမ်)ကဗရ်တစ်ခုသို့ရောက်တော်မူခြင်း	၂၂
၁၃။	ဗစ္စမစ်လွှာဟ်တော်သည် ပြေဆေးတစ်လက်နှင့် ဆေးနည်းတစ်ရပ်	၂၃
၁၄။	ဗစ္စမစ်လွှာဟ်တော်သည် ငရဲဘုံ၏မီးတောက်မီးလျှံမှ ကာကွယ်ရန် အကြောင်းတရားဖြစ်သည်။	၂၆
၁၅။	ဗစ္စမစ်လွှာဟ်တော်ကို 'ဗာ'အက္ခရာနှင့် အဘယ်ကြောင့် ရေးသနည်း။	၂၆

၁၆။ ဗစ္စမစ်လ္လာဟ်တော်၌ နာမံတော်သုံးပါးဖော်ပြခြင်း၏ အနက်သဘော ၂၇
၁၇။ ဗစ္စမစ်လ္လာဟ်တော်၌ စာလေးလုံးနှင့်အက္ခရာ ၁၉ လုံး ထားသိုခြင်း၏အနက်သဘော ၂၈
၁၈။ ဝုဇူပြုရာ၌ ဗစ္စမစ်လ္လာဟ်ဖတ်ခြင်း၏အကျိုး ၃၀
၁၉။ ဗစ္စမစ်လ္လာဟ်ဆို၍ စားသုံးခြင်းသည် ရှိုင်သာန်အား တားဆီးစေသည် ၃၀
၂၀။ ရဟူဒီမိန်းကလေးတစ်ဦး၏တရားရဖွယ်ဖြစ်အင် ၃၂
၂၁။ ဗစ္စမစ်လ္လာဟ်သည် အစွမ်းအစမ်ဖြစ်သည် ၃၄
၂၂။ ဗစ္စမစ်လ္လာဟ်နှင့်စပ်လျဉ်း၍ လက်တွေ့ကျင့်ထုံးများ ၃၆

ပထမအကြိမ်
၁၉၉၃ - ခု၊ ဇန်နဝါရီလ
စောင်ရေ- ၅၀၀၀
ထုတ်ဝေသူ- မာမွတ်မာမ်ဆာ(မြို-၀၁၆၃၂၂)
အစ္စလာမ်စာပေဖြန့်ချိရေးဌာန
၄၈၄၊ မဟာဗန္ဓုလလမ်း၊
ရန်ကုန်မြို့။

ပုံနှိပ်သူ- ဦးညွှန့်ဌေး
စိန်ပန်းမြိုင်ပုံနှိပ်တိုက်
၁၂၃၊ ၃၀ လမ်း၊ ရန်ကုန်။
ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်အမှတ် (၁၁၅/၉၂) (၁၂)
မျက်နှာဖုံး- နေဝင်းပုံနှိပ်တိုက်
ခွင့်ပြုချက်အမှတ် (၁၀၈/ ၉၂) (၁၂)

ကွယ်လွန်သူ .. အဗ္ဗဒွလ်ဟိုက် (ခ) ဦးမောင်တင် (နတ္တလင်း)
အဗ္ဗဒွလ်အဇီးဇ် (ခ) ဦးတင်ရွှေ (မော်ဘီ) တို့နှင့်
အာရ်ဝါ အပေါင်းအားရည်းစူး၍
ကိုရဲမြင့် + မခစ္စာ

★ ဇရာဝတီ ★ ကုန်မာဆိုင်

အဆောင် (၉) ၊ အခန်း (၄)
စော်ဘွားကြီးကုန်း၊ အဝေးပြေးဝင်း
ရန်ကုန်မြို့ ၊ ဖုန်း ၂၄၃၆၈၅ ...မှ

✣ အခမဲ့ခေါ်သည် ။

بسم الله الرحمن الرحيم

عن ابن مسعود قال: قال رسول الله ﷺ

«من قرأ بسم الله الرحمن الرحيم كتب الله له بكل حرف أربعة آلاف حسنة، ومحا عنه أربعة آلاف سيئة، ورفع له أربعة آلاف درجة»

أخرجه الديلمي في مسند الفردوس انظر الدر المنثور (١/٢٦).

အကြင်သူသည် ဗစ္စမစ်လွှာ ဟစ်ရ်ရဟ်မာ နစ်ရ်ရဟီးမ်
တစ်ကြိမ်ရွတ်ဖတ်သည် ရှိသော် အလွှာဟ်အရှင်မြတ် က
(ထိုရွတ်ဖတ်သူ၏ အဘ်မာလ်နာမဟ်၌) အကွရာတစ်လုံးစီ ပေါ်တွင်
ကောင်းမှုကုသိုလ် လေးထောင်ကို ရေးမှတ်ပေးခြင်းဖြင့်လည်းကောင်း၊
အပြစ်ဂုနာဟ် လေးထောင်ကို ပါယ်ဖျက်ပေးခြင်းဖြင့်လည်းကောင်း၊
အဆင့်အတန်း လေးထောင်ကို မြှင့်တင်ပေးခြင်းဖြင့်လည်းကောင်း၊
ချီးမြှင့်တော်မူမည်ဟု တမန်တော်မြတ် ﷺ က
မိန့်တော်မူကြောင်း ဟဒီးရသ် အဗ္ဗဒ္ဒလွှာဟ် ဗင် မဗ်ဆ်အူဒ်
رضي الله عنه သခင်က ဆင့်ပြန်လေသည်။

ဒွရ်ရေမန်ဆူးရ် (တွဲ ၁၊ စာ ၂၆)

01-545468

عن ابن مسعود قال: قال رسول الله ﷺ
«من قرأ بسم الله الرحمن الرحيم كتب الله له
بكل حرف أربعة آلاف حسنة، ومحا عنه أربعة
آلاف سيئة، ورفع له أربعة آلاف درجة»

أخرجه الديلمي في مسند الفردوس انظر الدر المنثور (١/٢٦).

အကြင်သူသည် ဗစ္စမစ်လွှာ တစ်ရှဲရဟ်မာ နစ်ရှဲရဟီးမ်
တစ်ကြိမ်ရွတ်ဖတ်သည် ရှိသော် အလွှာတ်အရှင်မြတ် က
(ထိုရွတ်ဖတ်သူ၏ အအ်မာလ်နာမဟ်၌) အကွရာတစ်ထုံးစီ ပေါ်တွင်
ကောင်းမှုကုသိုလ် လေးထောင်ကို ရေးမှတ်ပေးခြင်းဖြင့်လည်းကောင်း၊
အပြစ်ဂုနာဟ် လေးထောင်ကို ပါယ်ဖျက်ပေးခြင်းဖြင့်လည်းကောင်း၊
အဆင့်အတန်း လေးထောင်ကို မြှင့်တင်ပေးခြင်းဖြင့်လည်းကောင်း၊
ချီးမြှင့်တော်မူမည်ဟု တမန်တော်မြတ် ﷺ က
မိန့်တော်မူကြောင်း ဟဒီးရသ် အဗ္ဗဒွလ္လာဟ် ဗင် မဗ်ဆ်အူးဒ်
(رضي الله عنه) သခင်က ဆင့်ပြန်လေသည်။

ဒွရ်ရေမန်ဆူးရ် (တွဲ ၁၊ စာ ၂၆)

www.myanmar
01 545468